www.burmeseclassic.com




ရွှေမင်းဝံဆရာတော်

# ဆင်းရဲကင်းဝေးချမ်းသာရေး

www.burmeseclassic.com

www.burmeseclassic.com

ရွှေမင်းဝံဆရာတော်

# ဆင်းရဲကြင်းဝေး ချမ်းသာရေး

တန့်သတ်
(ဓမ္မဒါန)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**"သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ"**
**အလှူအားလုံးတို့တွင်**
**တရားအလှူသည် အမြတ်ဆုံးဖြစ်၏။**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ

**အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ**

ဘွဲ့တံဆိပ်တော်

ဆက်ကပ်လှူဒါန်းခြင်းခံယူရရှိတော်မူသော

ရွှေမင်းဝံဆရာတော် ဘဒ္ဒန္တသောဘန(မဟာကမ္မဋ္ဌာနာစရိယ)

အား

ဂုဏပူဇာအဖြစ်

မိဘများဖြစ်ကြသော ဦးကျော်စိုး+ဒေါ်ဦး တို့အား

အမှူးထား၍

| | |
|---|---|
| သမီး | မနုနုဝါ B.A(Myanmar) |
| သား | မောင်မင်းမင်းစိုး B.Sc.(Physics) |
| | ခေတ္တ -Singapore |
| သား | ဗိုလ် လင်းလင်းစိုး B.C.Sc, (D.S.A) |
| သား | မောင်သန်းမင်းစိုး |
| | တို့မှ ဓမ္မဒါနပြုပါသည်။ |

www.burmeseclassic.com

www.burmeseclassic.com

(က)

၂၀၀၆ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့၌

"အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်တော်

ဆက်ကပ်ခြင်းခံရသော

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊

ရွှေမင်းဝံသာသနာ့ရိပ်သာကျောင်းတိုက်၏

ပဓာန နာယက ဆရာတော် ဘဒ္ဒန္တသောဘန

၏

ထေရုပ္ပတ္တိအကျဉ်း

၁။ **ဘွဲ့တော်** - ဘဒ္ဒန္တသောဘန

၂။ **ကျောင်းတိုက်** - ရွှေမင်းဝံသာသနာ့ရိပ်သာ

၃။ **အသက်၊ သိက္ခာ၊ ဂိုဏ်း** - (၅၈)နှစ်၊ (၃၈) ဝါ၊ သုဓမ္မာဂိုဏ်း

၄။ **မွေးသက္ကရာဇ်** - ၁၃၀၉ ခုနှစ်၊ သီတင်းကျွတ် လဆန်း (၁၂) ရက်၊ သောကြာနေ့

၅။ **ဇာတိ၊ ရပ်ရွာနှင့် ခမည်းတော်၊ မယ်တော်** **အမည်**-အဘ ဦးဘဖေ၊ အမိ ဒေါ်ရီ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



၆။ **ရှင်၊ ရဟန်းပြုခြင်း** - ဘဒ္ဒန္တသောဘန လောင်းလျာသည် (၁၁)နှစ်အရွယ်တွင် ကင်းဗျား ကျေးရွာ၊ မဟာပုဗ္ဗါရာမကျောင်း ဆရာတော် ဦးအာစရထံ၌ မယ်တော်၊ ခမည်းတော်တို့၏ ပစ္စယာ နုဂ္ဂဟကို ခံယူလျက် ဆရာတော် ဦးအာစရကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါ သည်။ ဘွဲ့အမည်မှာ ရှင်သောဘန ဖြစ်ပါသည်။ ဘဒ္ဒန္တသောဘနသည် ၁၃၂၈ ခု တပို့တွဲလပြည့်နေ့၌ မဟာပုဗ္ဗါရုံကျောင်း ခဏ္ဍသိမ်တွင် ရွှေဘိုခရိုင်၊ ဆိပ်ခွန်ရွာ ဒေါ်အေးမေ၊ သားမောင်ကောင်းစိန်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ဆရာတော် ဦးအာစရကို ဥပဇ္ဈာယ်ပြုပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

၇။ **စာပေသင်ယူခြင်း** - ဆရာတော် ဘဒ္ဒန္တသောဘန သည် (၁၁)နှစ်သားအရွယ်တွင် ပုဗ္ဗာရာမကျောင်း

BURMESE CLASSIC .com



ဆရာတော်ထံ၌ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဝိနည်း၊ ဋီကာကျော် စသည်တို့ကိုလည်းကောင်း၊ (၁၆)နှစ်သား အရွယ်တွင် ရွှေဘိုမြို့၊ ဝေဠုဝန်ပါဠိတက္ကသိုလ် ကျောင်းဆရာတော် ဦးဝါသဝ(နိုင်ငံတော်သြဝါဒ)၊ တိုက်အုပ်ဆရာတော် ဦးဉာဏိန္ဒ(နိုင်ငံတော်သံဃာမဟာနာယက)၊ ဆရာတော် ဦးလာဘ(အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သြဝါဒ)နှင့် စာချဆရာတော်များထံတွင် ရူပသိဒ္ဓိ၊ ပုဒ်စစ်၊ နိယံ၊ သဒ္ဒါ စစ်၊ ညဝါ၊ မာတိကာ၊ ဓာတုကထာ၊ ယမိုက်တို့ကို သင်ယူခဲ့ပါသည်။ (၁၉)နှစ်သားအရွယ်တွင် ပဌာန်း သိပ္ပံ ဆရာတော်ထံ၌လည်းကောင်း၊ မူဝံ ဆရာတော် ဦးသဇ္ဈနာဘိဝံသဂ (အဂ္ဂမဟာပဏ္ဍိတ)၊ ဟံသာဂီရိ ဆရာတော် ဦးနန္ဒဝံသ(အဂ္ဂမဟာပဏ္ဍိတ)၊ သဒ္ဓမ္မသီတာဂူ ဆရာတော်ဦးဉာဏိဿရ(အဂ္ဂမဟာပဏ္ဍိတ)၊ မန္တလေး မြို့ ဘုရားကြီးတိုက် ဆရာတော် ဦးသောဘနာ ဘိဝံသ၊ ဆရာတော် ဦးဥက္ကံသာဘိဝံသ၊ ဆရာတော် ဦးပဏ္ဍိ တာဘိဝံသနှင့် ခြောက်ထပ်ကြီး ကျောင်းတိုက် စာချ

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် ကထိက ဆရာတော်များထံ၌ လည်းကောင်း၊ ကျမ်းစာများကို သင်ကြားခဲ့ပါသည်။

၈။ **အောင်မြင်ခဲ့သော စာမေးပွဲများ** - ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းနှင့် အစိုးရ ဓမ္မာစရိယတန်းမှ သီလက္ခန်ကျမ်း၊ ဓမ္မသင်္ဂဏီကျမ်းတို့ကို အောင်မြင်ခဲ့ပါသည်။

၉။ **စာပေသင်ကြားပို့ချခြင်း** - နှစ်စဉ် ရွှေမင်းဝံသာသနာ့ရိပ်သာ(ရန်ကုန်)၌ သာမဏေ အပါး ၂၀၀ ကျော်နှင့် သီလရှင် ၃၀၀ပါးကျော်၊ စုစုပေါင်း (၅၀၀) ကျော်တို့ကို ဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်တန်းများ ဖွင့်လှစ်ကာ ပို့ချပေးပါသည်။ သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာ (ပဲခူး)၌ နှစ်စဉ် သာမဏေ (၁၀၈) ပါးတို့ကို ဗုဒ္ဓဘာသာ သင်တန်းများ ဖွင့်လှစ် ပို့ချပေးပါသည်။ ရွှေဘိုမြို့နယ်၊ ကင်းဗျားကျေးရွာနှင့် အိုးဘိုကျေးရွာတို့တွင် ပရိတ်အသင်းများ၊ ဝတ်အသင်း များ၊ တည်ထောင်ဖွဲ့စည်းကာ ပရိတ်တရားများ ပို့ချပြီး

BURMESE CLASSIC .com



သီတင်းနေ့များတွင် ဝတ်ပွဲ၊ ပရိတ်ပွဲများ ကျင်းပစေပါသည်။ နှစ်စဉ် သင်တန်းများ၊ ပုံမှန်ပြုလုပ်ကာ စာမေးပွဲကျင်းပ၍ ဆရာတော်မှ ဆုများချီးမြှင့်ပါသည်။ ကျောင်းတိုက်အတွင်းရှိ ကိုရင်သာမဏေများကို သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဝိနည်း စသည်တို့ကို ပို့ချပါသည်။

၁၀။ **သာသနာရေးတာဝန် ဆောင်ရွက်ချက်များ**- ဆရာတော် ဘဒ္ဒန္တသောဘနသည် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးထံတွင်လည်းကောင်း၊ ကမ္မဋ္ဌာနာစရိယ ဆရာတော်ဦးသုဇာတထံတွင် လည်းကောင်း သတိပဋ္ဌာန် အလုပ်ပေးတရားတော်များကို နာယူ၍ ဉာဏ်စဉ်တရားတော်များနာကြားခွင့်ရသည့်တိုင်အောင် ကမ္မဋ္ဌာန်းတရားတို့ကို ကျင့်ကြံ ကြိုးကုတ်အားထုတ်ခဲ့ပါသည်။ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဓမ္မဒေသနာ ခရီးစဉ်များတွင် ပစ္ဆာသာမဏေအဖြစ်လည်းကောင်း၊ မဟာစည်သာသနာရိပ်သာတွင် (၈)နှစ်တိုင်တိုင် ယောဂီများကို တရား

www.burmeseclassic.com

www.burmeseclassic.com



စစ်ခြင်း၊ တရားဟောခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ ၁၃၄၆ ခုနှစ် ဝါဆိုလမှစ၍ ရွှေမင်းဝံ သာသနာ့ရိပ်သာသို့ ပြောင်းရွှေ့ပြီး ရဟန်းရှင်လူ အပေါင်းတို့ကို တရားဟော၊ တရားစစ်ခြင်းစသော ပဋိပတ္တိလုပ်ငန်းများကို ဆောင်ရွက်သာသနာပြုလျက် ရှိသည်မှာ (၂၂)နှစ် ရှိခဲ့ပြီ ဖြစ်ပါသည်။ နေ့စဉ် ယောဂီ(၁၀၀) ကျော် (၁၅၀)ခန့်အား တရားစစ်ခြင်း၊ တရားဟောခြင်းတို့ဖြင့် သာသနာပြုလျက်ရှိပါသည်။ နွေရာသီကာလများ၌ ယောဂီ(၉၀၀) မှ (၁၀၀၀)ခန့် ရှိပါသည်။ ၁၃၅၇ ခုနှစ်တွင် ထိုင်း၊ စင်္ကာပူ၊ သီရိလင်္ကာ၊ နီပေါ၊ အိန္ဒိယနိုင်ငံများသို့ သာသနာပြုခရီး ကြွရောက်ခဲ့ရာ ဆရာတော်နှင့်အတူ ယောဂီ(၃၆)ဦး ပါဝင်ပြီး အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံတို့တွင် ရဟန်းခံရှင်ပြုခြင်းနှင့် ဝိပဿနာတရားဟောကြားခြင်းများကို ပြုလုပ်ခဲ့ပါသည်။

၁၃၆၁ခုနှစ်တွင် နိုင်ငံတော် "မဟာကမ္မဋ္ဌာနာစရိယ" ဘွဲ့ကို ဆက်ကပ်ခဲ့ပါသည်။ ၁၃၆၁ခုနှစ်မှစ၍



သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာ(ပဲခူး)ကို ရိပ်သာခွဲအဖြစ် တည်ထောင်ခဲ့ရာ ရိပ်သာ၏ အကျယ်အဝန်းမှာ(၃၅)ဧကရှိပါသည်။ ဓမ္မာရုံ ဆွမ်းစားကျောင်း၊ သိမ်ကျောင်းတော် ယောဂီကျောင်းတော်များဖြင့် ပြည့်စုံနေပြီဖြစ်၍ ၁၃၆၁ခုနှစ်မှ စ၍ လစဉ်တရားစခန်းများ ဖွင့်လှစ်ကာ ရဟန်း၊ ရှင်၊ လူ၊ ယောဂီများကို တရားဟော၊ တရားစစ်၊ တရားပြခြင်း များကို ပြုလုပ်လျက်ရှိပါသည်။

ရိပ်သာဝင်းအတွင်းရှိ ဓမ္မပါလကုန်းတော်ပေါ်၌ ညဏ်တော်(၈၁)ပေ အမြင့်ရှိသော အရံစေတီတော်များစွာပါဝင်သော လိုပြည့်အေးချမ်း သာယာစေတီတော်ကြီးကို တည်ထားကိုးကွယ်လျက်ရှိရာ ယခုအခါ ထီးတော်တင်လှူပွဲကြီးကို အောင်မြင်စွာ ကျင်းပပြီးဖြစ်ပါသည်။

နွေရာသီကာလများ၌ ဗုဒ္ဓယဉ်ကျေးမှု အခြေပြု သင်တန်းများဖွင့်လှစ်ခဲ့ရာ နှစ်စဉ် သင်တန်းသား၊

www.burmeseclassic.com

www.burmeseclassic.com



သင်တန်းသူ(၆၀၀)ခန့် ရှိပြီး စာမေးပွဲများ ကျင်းပကာ ဆရာတော်မှ ဆုများချီးမြှင့်ခဲ့ပါသည်။

ဇာတိရပ်ရွာဖြစ်သော ရွှေဘိုမြို့နယ်ကင်းဗျား ကျေးရွာ၊ မဟာပုဗ္ဗာရာမကျောင်းတွင် ကျောင်းဆောင်များ ဆောက်လုပ်ခဲ့ပါသည်။ လောကီ၊ လောကုတ္တရာ စာပေ စာအုပ်များနှင့်ပြည့်စုံသော စာကြည့်တိုက်နှင့် ဓမ္မာရုံတို့ကို တည်ဆောက်ခဲ့ပါသည်။

ကင်းဗျားကျေးရွာနှင့် အိုးဘိုကျေးရွာများ၌ ပရိတ်အသင်းများ ဝတ်အသင်းများ တည်ထောင်ဖွဲ့စည်းထားပြီး သီတင်းနေ့များ၌ ဝတ်ရွတ်ပွဲ ပရိတ်ပွဲများကို ကျင်းပစေပါသည်။

၁၃၆၁ ခုနှစ်မှစ၍ ယဉ်ကျေးမှု သင်တန်းများကို ဖွင့်လှစ်ခဲ့ရာ သင်တန်းသား၊ သင်တန်းသူ (၂၀၀) ကျော်ခန့် ရှိပြီး စာမေးပွဲများ ကျင်းပကာ ဆရာတော်မှ ဆုများ ချီးမြှင့်ပါသည်။

လူငယ်များကို ဗဟုသုတဖြစ်စေရန် ရန်ကုန်



မြို့သို့ (၇)ရက် အလည်အပတ် ခရီးစရိတ်ငြိမ်း စီစဉ်ပို့ပေးခြင်း၊ ကျေးရွာ၌ရှိသော သက်ကြီးရွယ်အိုများကို သက်ကြီးပူဇော်ပွဲများ နှစ်စဉ်ကျင်းပပေးခြင်း အိုးဘိုကျေးရွာ၌ (၃၀)ပေ × (၇၅)ပေရှိ အုတ်ပတ်ကားနံကပ်စာသင်ကျောင်း ဆောက်လုပ်ခြင်း၊ ထိုကျေးရွာရှိ မူလတန်း အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ကျောင်းသားကျောင်းသူများအတွက် ၁၉၉၉ခုနှစ်မှစ၍ လိုအပ်သော စာအုပ်နှင့်တကွ စာရေးကိရိယာများကို နှစ်စဉ်လှူဒါန်းခြင်း၊ ပဲခူးတိုင်း၊ ပဲခူးမြို့နယ် သာယာကုန်းကျေးရွာအုပ်စု၊ စာသူငယ်ကျေးရွာရှိ မူလတန်းလွန်ကျောင်းရှိ သူငယ်တန်းမှ သတ္တမတန်းအထိ ကျောင်းသား ကျောင်းသူများအတွက် ၂၀၀၃ ခုနှစ်မှ စ၍ ယနေ့အထိ စာအုပ်နှင့် စာရေးကိရိယာများကို နှစ်စဉ် လှူဒါန်းခြင်းများ ပြုလုပ်လျက်ရှိပါသည်။ တောင်တန်းသာသနာပြု ပြည်တွင်းပြည်ပ ဆရာတော်များ၏ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်

www.burmeseclassic.com

www.burmeseclassic.com



ရာတွင် အထောက်အပံ့ ဖြစ်စေရန် သာသနာတော် ထွန်းကား ပြန့်ပွားရေးဦးစီးဌာနသို့ ၁၃၆၀ ခုနှစ်မှစ၍ ၁၃၆၆ခုနှစ် အထိ နှစ်စဉ် တစ်နှစ်လျှင် သက်န်း ဒွိစုံ ၃၅၀ကျော်နှင့် ထီး၊ ဖိနပ်၊ ယပ်တောင် စသည်တို့ကို သာသနာပြု ကုသိုလ်တော်အဖြစ် လှူဒါန်းခဲ့ပါသည်။

၁၁။ **ရေးသားပြုစုခဲ့သောကျမ်းဝင်များ**

(၁) မျက်မှောက်ချမ်းသာရေး တရားတော်။

(၂) ဗုဒ္ဓယဉ်ကျေးမှု အခြေပြု။

(၃) နိဗ္ဗာန်ဝင်ရန် ကျင့်လမ်းမှန်။

(၄) ကျေးဇူးဂုဏ်အင်ဆပ်စေချင်။

(၅) မစွဲမငြိ အမြဲသတိရှိကြမယ်။

(၆) ဆင်းရဲကင်းဝေး ချမ်းသာရေး။

၁၂။ **သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်-**

မဟာကမ္မဋ္ဌာနစရိယဘွဲ့တံဆိပ်တော်(၁၃၅၉)ခုနှစ် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် (၁၃၆၇)ခုနှစ်၊



၁၃။ **ရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားမှု-**

ဆရာတော်သည် သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံတော်မူသည့်အပြင် ယောဂီများအား ဝိပဿနာ ကမ္မဋ္ဌာန်းတရားများကို ဟောကြားပြသတော်မူခြင်း၊ ကမ္မဋ္ဌာန နာယကဒေသကဂုဏ်၊ ဝိပဿနာ ဓုရာစရိယဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်း၊ သာသနာတော် တည့်တံ့ ထွန်းကားပြန့်ပွားရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခြင်းတို့ကြောင့် ရဟန်းရှင်လူတို့၏ ကြည်ညို လေးစားမှုကို ခံယူရရှိတော်မူပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အမှာစကား

## (သို့)

## ဘုရားတိုင်းဟောကြားမြတ်တရား

"ကိစ္ဆော ဗုဒ္ဓါန မုပ္ပါဒေါ"

"သဗ္ဗညုတ ဘုရားရှင်ကိုယ်တော်မြတ်၏ ပွင့်ထွန်း ပေါ်ပေါက်ရခြင်းသည် ခဲယဉ်းပါ၏" တဲ့။

ဘုရားတစ်ဆူ တစ်ဆူ ပွင့်တော်မူဖို့ရာ ဘာကြောင့် ခက်ခဲရသလဲဆိုတော့ ကျင့်ရတဲ့ ပါရမီကျင့်စဉ် များကလည်း ခက်ခဲသလို ဖြည့်ကျင့်ရတဲ့ ကာလအပိုင်းအခြားကလည်းကလည်း ကြာရှည်လွန်းလို့ ဖြစ်ပါတယ်။

ကျင့်စဉ်တွေကတော့ ပါရမီ (၁၀)ပါးအဖြစ် ဒါန၊ သီလ၊ နေက္ခမ္မ၊ ပညာ၊ ဝီရိယ၊ ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန်၊ မေတ္တာ၊ ဥပေက္ခာတို့ ဖြစ်ပါတယ်။ အထူးအနေအားဖြင့်လည်း မျက်စိ၊ ခြေ၊ လက် အစရှိတဲ့ ခန္ဓာကိုယ် အင်္ဂါအစိတ်အပိုင်းတွေကို အနစ်နာခံပြီး ပါရမီဖြည့်ရတဲ့"ဥပပါရမီ"၊ အသက်ကို စွန့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြည့်ရတဲ့"ပရမတ္ထပါရမီ"။ ဒီလို ခက်ခက်ခဲခဲ စွန့်စွန့်စားစား ဖြည့်ကျင့်ရပါတယ်။

အချိန်ကာလအားဖြင့်ကတော့ ဂေါတမမြတ်စွာဘုရားဟာ ဘုရားအဖြစ်ကိုရဖို့ စိတ်ဆန္ဒဖြစ်ပေါ်ကြံစည်ရတာက(၇)သင်္ချေ၊ နှုတ်ကဖွင့်ပြီး ဘုရားဆုပန်ရတာက (၉)သင်္ချေ၊ ကိုယ်ရော စိတ်ပါ ကျင့်ကြံအားထုတ် ဖြည့်ကျင့်ရတာက (၄)သင်္ချေနဲ့ ကမ္ဘာတစ်သိန်း၊ အဲဒီလို ခဲယဉ်းကြာရှည်စွာ ပါရမီ ဖြည့်ကျင့်ခဲ့ရပါတယ်။

နောက်ဆုံးပါရမီတွေပြည့်လို့ ဘုရားဖြစ်ဖို့ရာတောင်မှ တောထွက်တော်မူပြီး မဇ္ဈိမပဋိပဒါ ကျင့်စဉ်ကို ကျင့်တော်မူခဲ့ရပါတယ်။ အဲဒီလို ခက်ခဲ ခဲယဉ်းစွာ ကြိုးစားအားထုတ်ပြီးမှ ဘုရားဖြစ်ရတာဆိုတော့ လောကမှာ ဘုရားဖြစ်ဖို့ အားထုတ်ရတာလောက် ခက်ခဲတဲ့ အလုပ်ရှိမှာ မဟုတ်ပါဘူး။

ဘုရားဖြစ်ဖို့ခက်တဲ့အတွက်လည်း ဘုရားရှင်



ရဲ့ ဟောကြားတော်မူတဲ့ တရားတော်ကို နာကြားခွင့်ရဖို့ဆိုတာလည်း ခက်ခဲ ခဲယဉ်းရတာပါဘဲ။

အဲဒီအခက်အခဲများကို ကျော်လွန်ပြီး အခုလို ဗုဒ္ဓရဲ့တရားကို နာကြားခွင့်ရရှိနေကြတဲ့ ရွှေမင်းဝံ မိသားစုများကတော့ အလွန်ကို ကံကောင်းကြပါတယ်။ တရားနာကြားခွင့်ရရုံသာမက ဗုဒ္ဓရဲ့ဓမ္မစာပေ စာအုပ်များကို ဖတ်ရှုခွင့်လည်း ရနေကြပါတယ်။ များစွာသော စာအုပ်များထဲမှ ယခုရွှေမင်းဝံ ဆရာတော် ဟောကြားပြီး စာအုပ်အဖြစ်သို့ ရောက်လာတဲ့ "ဆင်းရဲကင်းဝေး ချမ်းသာရေး"တရားတော် စာအုပ်ကို ဖတ်ရှုခွင့်ရနေပါပြီ။

စာအုပ်ထဲမှာပါတဲ့ အကြောင်းအရာများကတော့ ဂေါတမမြတ်စွာဘုရား ပါရမီဖြည့်ကျင့်စဉ် အချိန်ကာလ ၂၀ သင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကာလအတွင်းမှာ ပွင့်တော်မူခဲ့ကြတဲ့ ၅၁၂၀၂၈ဆူကုန်သော ဘုရားရှင်များနှင့်တကွ ဂင်္ဂါသဲတူ ဆုဆွတ်ထား

www.burmeseclassic.com

www.burmeseclassic.com



ရှင်တော်မြတ်ဘုရားများစွာတို့ရဲ့ တပို့တွဲလပြည့်နေ့တိုင်း ဟောကြားတဲ့ အဆုံးအမ ဩဝါဒ တရားတော်များဖြစ်ပါတယ်။

ဂါထာအနေအားဖြင့် (၃)ဂါထာ ပါဝင်ပါတယ်။

ပထမဂါထာမှာတော့-

၁။ သည်းခံခြင်းသည် အမြတ်ဆုံး

၂။ နိဗ္ဗာန်သည်အမြတ်ဆုံး

၃။ မညှဉ်းဆဲသူမှ သမဏဆိုတဲ့ အဆုံးအမ (၃)ချက် ပါဝင်ပါတယ်။

ဒုတိယဂါထာမှာတော့-

၁။ အကုသိုလ်ဟူသမျှ မပြုကြဖို့

၂။ ကုသိုလ်ဟူသမျှ ပြည့်စုံကြဖို့

၃။ မိမိစိတ်ဓာတ်ကို ဆွတ်ဆွတ်ဖြူအောင်ထားဖို့

(ကုသိုလ်တွေ ဘယ်အထိပြည့်စုံ၊ စိတ်ကို အဘယ်အထိဖြူရမလဲဆိုရင် စတုတ္ထအောင်ပန်း



အရဟတ္တမဂ်၊ ဖိုလ်ပန်းကို ရတဲ့အထိ ထားဖို့ဖြစ်တယ်) ဆိုတဲ့ အဆုံးအမ(၃)ချက် ပါဝင်ပါတယ်။

တတိယဂါထာမှာတော့-

၁။ သူတစ်ပါးကို မစွပ်စွဲ မကဲ့ရဲ့ရခြင်း၊

၂။ သူတစ်ပါးကို မညှဉ်းဆဲရခြင်း၊

၃။ ကိုယ်ကျင့်သီလကို လုံးဝလုံခြုံရခြင်း၊

၄။ အစားအစာ၌ အတိုင်းအရှည်ကို သိရခြင်း၊

၅။ ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်ရခြင်း၊

၆။ စိတ်တည်ကြည်ရေး ကြိုးပမ်းရခြင်းဆိုတဲ့ အဆုံးအမ(၆)ချက် ပါဝင်ပါတယ်။

**ရွှေမင်းဝံဆရာတော်**က ဖော်ပြပါ အဆုံးအမများတို့ တစ်ခုချင်းအသေးစိတ် ရှင်းလင်း တင်ပြထားပါတယ်။ အထူးသဖြင့် ကုသိုလ်ဟူသမျှ ပြည့်စုံကြဖို့နဲ့ ပတ်သတ်ပြီး ကျင့်စဉ်များနှင့်တကွ ဝိပဿနာကုသိုလ် ဉာဏ်စဉ်အဆင့်ဆင့် ဖြစ်ပေါ်လာပုံများကို မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့်တကွ စတုတ္ထ အောင်ပန်း ဆင်မြန်းနိုင်သည်အထိ ဖော်ပြထားပါတယ်။

www.burmeseclassic.com

(ဒ)

ဘုရားရှင်တိုင်း ဟောကြားတော်မူကြတဲ့ ဩဝါဒပါတိမောက် အဆုံးအမတရားတော်ကို ရှင်းလင်းရေးသားတဲ့ "ဆင်းရဲကင်းဝေးချမ်းသာရေး" တရားတော် စာအုပ်ကို ရိုရိုသေသေ ဖတ်ရှုကြပြီး လိုက်နာကျင့်သုံးကြမယ်ဆိုရင် အပါယ်ဆင်းရဲဘေး၊ ခန္ဓာဆင်းရဲဘေးများမှ လုံးဝ လွတ်မြောက်ကင်းဝေးကြပြီးလျှင် ဆင်းရဲအားလုံး ကင်းရာ ချမ်းသာအစစ် ဖြစ်တဲ့ နိဗ္ဗာန်ကို ဆိုက်ရောက် မျက်မှောက်ပြုနိုင်ကြမှာ ဖြစ်ပါတယ်။

ကြိုးစားဖတ်ရှု အားထုတ်ကြပါလို့ ရွှေမင်းဝံ ဆရာတော်ရဲ့ကိုယ်စား လေးလေးနတ်နတ် တိုက်တွန်း အပ်ပါတယ်။

**"လိုရာပြည့်တာ တည်ကြည်စွာ ပညာတိုးပါစေ"**

**အရှင်စန္ဒဇောတိ**(B.D.S)

**ရွှေမင်းဝံသာသနာ့ရိပ်သာ**

**မာတိကာ**


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်းစကား | ၁ |
| ၂။ | ဘုရားတိုင်းဟောကြား<br>တပို့တွဲလပြည့်နေ့တရား | ၃ |
| ၃။ | ပါတိမောက္ခအဓိပ္ပာယ်နှင့်ပြည့်စုံပုံ | ၁၀ |
| ၄။ | ပထမဂါထာ | ၁၃ |
| ၅။ | ပထမဩဝါဒ<br>"သည်းခံခြင်းသည် အမြတ်ဆုံး" | ၁၄ |
| ၆။ | သည်းခံခြင်းနှင့် သမာဓိပညာဘာဝနာ | ၁၈ |
| ၇။ | ရှင်သာရိပုတ္တရာသည်းခံပုံ | ၂၁ |
| ၈။ | ဒုတိယဩဝါဒ<br>"နိဗ္ဗာန်သည်အမြတ်ဆုံး" | ၂၄ |
| ၉။ | တတိယဩဝါဒ<br>"မညှဉ်းဆဲမှ သမဏ" | ၂၆ |

www.burmeseclassic.com


၁၀။ ဒုတိယဂါထာ ၂၉

၁၁။ ပထမသြဝါဒ ၃၀

"အကုသိုလ်ဟူသမျှ မပြုရ"

၁၂။ သင့်စိတ်ထဲ အမြဲဆင်ခြင်ပါ ၃၂

၁၃။ ဒုတိယသြဝါဒ ၃၄

"ကုသိုလ်ဟူသမျှ ပြည့်စုံကြ"

၁၄။ ဝိပဿနာ ကုသိုလ် ၃၈

၁၅။ သမာဓိမှသည်

ဝိပဿနာဉာဏ်ဆီသို့ ၄၀

၁၆။ နာမရူပပရိစ္ဆေဒဉာဏ် ၄၂

၁၇။ ပစ္စယပရိဂ္ဂဟဉာဏ် ၄၂

၁၈။ သမ္မသနဉာဏ် ၄၃

၁၉။ ဥဒယဗ္ဗယဉာဏ် ၄၄

၂၀။ ဘင်္ဂဉာဏ် ၄၅

၂၁။ ဉာဏ်အဆင့်ဆင့်မှသည် နိဗ္ဗာန်ဆီသို့ ၄၇

၂၂။ သောတာပတ္တိမဂ်ဉာဏ် ၄၉

၂၃။ သကဒါဂါမိမဂ်ဉာဏ် ၅၀

၂၄။ အနာဂါမိမဂ်ဉာဏ် ၅၀

၂၅။ အရဟတ္တမဂ်ဉာဏ် ၅၁

၂၆။ ကုသိုလ်ဟူသမျှ ပြည့်စုံကြ ၅၂

၂၇။ တတိယသြဝါဒ ၅၃

"စိတ်ဟူသမျှ ဖြူစင်ကြ"

၂၈။ တတိယဂါထာ ၅၅

၂၉။ စွပ်စွဲခြင်း၊ ညှဉ်းဆဲခြင်း ကင်းစေရမည် ၅၇

၃၀။ ကိုယ်ကျင့်သီလ၌ လုံးဝလုံရမည် ၅၈

၃၁။ အစာစားရာ၌ တိုင်းရှည်သိရမည် ၆၀

၃၂။ ဆိတ်ငြိမ်ရာ၌ ချဉ်းကပ်ရမည် ၆၁

၃၃။ စိတ်တည်ငြိမ်ရေး၌ ကြိုးပမ်းရမည် ၆၂

၃၄။ နိဂုံးစကား ၆၄


www.burmeseclassic.com

www.burmeseclassic.com



## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
## နိဒါန်းစကား

သာသနာတော်သက္ကရာဇ် ၂၄၅၉ခုနှစ် လူတို့ဝေါဟာ ကောဇာသက္ကရာဇ် ၁၃၆၇ ခုနှစ် ဥတုဟေမန္တ ဆောင်းလရာသီ တပို့တွဲလပြည့်နေ့ ရွှေမင်းဝံသာသနာ့ ရိပ်သာသို့ ဓမ္မသဝနကုသိုလ်ထူး လာရောက် ဆည်းပူးကြတဲ့ ဓမ္မမာမက တရားလိုလားကြတဲ့ ရွှေမင်းဝံဓမ္မမိသားစုများအား ဘုန်းကြီးဓမ္မဒါန တရားအလှူပေးလှူရမှာက ဘုရားရှင်တိုင်း ဆုံးမ ဟောကြားတော်မူခဲ့တဲ့ “ဩဝါဒပါတိမောက်”ခေါ် “ဆင်းရဲကင်းဝေး ချမ်းသာရေး တရားတော်”ကို တရား အလှူပေးလှူမှာ ဖြစ်ပါတယ်။

ဒီတရားတော်ကို ဘုန်းကြီးတို့ရဲ့ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးကလည်း တပည့် ယောဂီများကို အခါအားလျော်စွာ ဩဝါဒပါတိမောက် ဒေသနာတော်ကို ဟောကြားအဆုံးအမ ပေးတော်မူလေ့ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဘုန်းကြီးများလည်း တပို့တွဲလပြည့်နေ့ရောက်တိုင်း ရွှေမင်းဝံမမ္မိသားစုများကို ဩဝါဒပါတိမောက် ဒေသနာတော်ကိုဘဲ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဒေသနာဉာဏ်တွေကို အခြေခံပြီး ဟောကြားမြဲ အဆုံးအမပေးမြဲဖြစ်ပါတယ်။

ဘာကြောင့် ဒီတရားတော်ကို ဟောရတာလဲလို့ဆိုရင် သတ္တဝါတိုင်း သတ္တဝါတိုင်းဟာ ဆင်းရဲကိုကြောက်ကြတယ်၊ ဆင်းရဲကို မလိုချင်ကြဘူး၊ ဆင်းရဲကလွတ်ချင်တယ်၊ အပါယ်ဆင်းရဲကိုလည်း မလိုချင်ဘူး၊ ခန္ဓာဆင်းရဲကိုလည်း မလိုချင်ကြဘူး၊ သံသရာဆင်းရဲကိုလည်း မလိုချင်ကြဘူး၊ ဘယ်ဆင်းရဲနဲ့မှ မကြုံတွေ့ချင်ကြပါဘူး၊ လွတ်မြောက်ချင်ကြပါတယ်။ ဒါကြောင့် ယနေ့ သတ္တဝါတိုင်း မလိုချင် မရချင်တဲ့ အပါယ်ဆင်းရဲ ခန္ဓာဆင်းရဲ သံသရာဆင်းရဲက လွတ်မြောက်စေနိုင်တဲ့ ဘုရားရှင်တိုင်းရဲ့ အဆုံးအမဖြစ်တဲ့ ဩဝါဒပါတိမောက် ဒေသာနတော်ကို ဟောကြားပေးမှာ ဖြစ်ပါတယ်။



## ဘုရားတိုင်းဟောကြား တပို့တွဲလပြည့်နေ့တရား

ဩဝါဒပါတိမောက် ဒေသနာတော်ကို ဂေါတမဗုဒ္ဓတစ်ဆူတည်း ဟောကြားတော်မူခဲ့တာ မဟုတ်ပါဘူး၊ ရှေးရှေးဘုရားရှင်တိုင်း တပို့တွဲလပြည့်နေ့မှာ တပည့်သာဝကတို့အား ဩဝါဒပေးဟောကြား တော်မူမြဲဖြစ်ပါတယ်။ အဲဒီလို ဟောကြားတော်မူသည်ကို အကြောင်းပြုပြီး ထိုနေ့ကို ဩဝါဒပါတိမောက် အခါတော်နေ့လို့ ရှေးပညာရှိများ သတ်မှတ်ခဲ့ကြပါတယ်။

တပို့တွဲလပြည့်နေ့ရဲ့ ထူးခြားချက်များကတော့-

၁။ ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး ရဟန္တာဖြစ်သောနေ့ဖြစ်ခြင်း၊

၂။ ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်နှစ်ပါး ဧတဒဂ်ဘွဲ့ထူးရသောနေ့ဖြစ်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



၃။ အင်္ဂါလေးပါးနှင့်ပြည့်စုံသော ရဟန်းပရိသတ်တို့အလိုအလျောက် စုဝေးမိသောနေ့ဖြစ်ခြင်း၊

၄။ ဘုရားရှင်တိုင်း ဩဝါဒပါတိမောက်ကို ပြတော်မူသောနေ့ဖြစ်ခြင်း

ထို့ကြောင့် တပို့တွဲလပြည့်နေ့ဟာ ထူးခြားမြင့်မြတ်တဲ့နေ့တစ်နေ့ ဖြစ်ပါတယ်။

ဩဝါဒပါတိမောက်ဒေသနာကို ဟောပြရာမှာလည်း

၁။ တပို့တွဲလပြည့်နေ့ဖြစ်ခြင်း

၂။ ဧဟိဘိက္ခု ရဟန်းချည်းသာဖြစ်ခြင်း

၃။ ဆဠာဘိည ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ခြင်း၊

၄။ မည်သူတစ်ဦးတစ်ယောက်မျှ မပင့်ဖိတ်ဘဲ အလိုအလျောက် စုဝေးမိခြင်း၊

ဆိုတဲ့ ဤအင်္ဂါလေးချက်နှင့် ပြည့်စုံမှသာ ဩဝါဒပါတိမောက်ဒေသနာကို ဘုရားရှင်တို့ ဟောပြမြဲဖြစ်ပါတယ်။



ရှေးက ပွင့်တော်မူခဲ့ပြီးဖြစ်တဲ့ ဝိပဿီမြတ်စွာဘုရားလက်ထက်တော်က သာဝကအစည်းအဝေးကြီး သုံးကြိမ်ဖြစ်ခဲ့ပါတယ်။

ပထမအကြိမ် အစည်းအဝေးမှာ ရဟန္တာပေါင်း ခြောက်သန်းရှစ်သိန်းရှိပါတယ်။ ဒုတိယအကြိမ်အစည်းအဝေးမှာ ရဟန္တာပေါင်းတစ်သိန်း ရှိခဲ့ပါတယ်။ တတိယအကြိမ်အစည်းအဝေးမှာ ရဟန္တာပေါင်း ရှစ်သောင်းရှိပါတယ်။

သိခီမြတ်စွာဘုရား လက်ထက်တော်မှာလည်း သာဝကအစည်းအဝေးကြီး သုံးကြိမ်ပင်ဖြစ်ခဲ့ပါတယ်။

ပထမအကြိမ်အစည်းအဝေးမှာ ရဟန္တာ မထေရ်မြတ် တစ်သိန်းရှိပါတယ်။

ဒုတိယအကြိမ်အစည်းအဝေးမှာ ရဟန္တာ မထေရ်မြတ်ရှစ်သောင်းရှိပါတယ်။

တတိယအကြိမ်အစည်းအဝေးမှာ ရဟန္တာ မထေရ်မြတ်ပေါင်း ခုနစ်သောင်းရှိခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဝေဿဘူ ဘုရားရှင်လက်ထက်တော်မှာလည်း သာဝကအစည်းအဝေးကြီး သုံးကြိမ်ပင်ဖြစ်ခဲ့ပါတယ်။

ပထမအကြိမ်အစည်းအဝေးမှာ ရဟန္တာ မထေရ်မြတ်ပေါင်း ရှစ်သောင်းရှိပါတယ်။

ဒုတိယအကြိမ်အစည်းအဝေးမှာ ရဟန္တာ မထေရ်မြတ်ပေါင်း ခုနစ်သောင်းရှိပါတယ်။

တတိယအကြိမ်အစည်းအဝေးမှာ ရဟန္တာ မထေရ်မြတ်ပေါင်း ခြောက်သောင်းရှိခဲ့ပါတယ်။

ကကုသန်ဘုရားရှင် လက်ထက်တော်မှာ သာဝက အစည်းအဝေးကြီး တစ်ကြိမ်သာရှိခဲ့ပါတယ်။

အဲဒီအစည်းအဝေးမှာ ရဟန္တာမထေရ်ပေါင်း လေးသောင်းရှိခဲ့ပါတယ်။

ကောဏာဂုံမြတ်စွာဘုရား လက်ထက်တော်မှာ သာဝကအစည်းအဝေးကြီး တစ်ကြိမ်သာရှိခဲ့ပါတယ်။

အဲဒီအစည်းအဝေးမှာ ရဟန္တာမထေရ်ပေါင်း သုံးသောင်းရှိခဲ့ပါတယ်။



ကဿပမြတ်စွာဘုရား လက်ထက်တော်မှာလည်း သာဝကအစည်းအဝေးကြီး တစ်ကြိမ်သာ ရှိခဲ့ပါတယ်။

အဲဒီအစည်းအဝေးမှာ ရဟန္တာမထေရ်ပေါင်း နှစ်သောင်းရှိခဲ့ပါတယ်။

ဘုန်းကြီးတို့ ဂေါတမမြတ်စွာဘုရား လက်ထက်တော်မှာလည်း သာဝကအစည်းအဝေးကြီး တစ်ကြိမ်သာရှိခဲ့ပါတယ်။

အဲဒီအစည်းအဝေးမှာ ရဟန္တာမထေရ်ပေါင်း တစ်ထောင့်နှစ်ရာငါးကျိပ်သာ ရှိခဲ့ပါတယ်။

ဒီလို သာဝက အစည်းအဝေးကြီးတွေမှာ အဆူဆူသော ဘုရားရှင်တိုင်းဟာ အပါယ်ဘေးမှ ကင်းဝေးစေသော အဆုံးအမဩဝါဒတွေပေးတော်မူကြပါတယ်။ ဝိပဿီမြတ်စွာဘုရားဆိုလျှင် ခုနစ်နှစ်မှ တစ်ကြိမ်သာ ဩဝါဒပါတိမောက် ဒေသနာကို ဟောပြတော်မူပါတယ်။ ထိုဝိပဿီ ဘုရားရှင်ရဲ့ အဆုံးအမ

www.burmeseclassic.com

www.burmeseclassic.com



ဟာလည်း ခုနစ်နှစ်တို့ ကာလပတ်လုံး တည်မြဲပါတယ်။ အတိမ်းအစောင်းမရှိ တပည့်သာဝကများ လိုက်နာကျင့်သုံးကြပါတယ်။

သိခီဘုရားရှင်နှင့် ဝေဿဘူဘုရားရှင်တို့ဟာလည်း ခြောက်နှစ်မှတစ်ကြိမ်သာ ဩဝါဒပါတိမောက် ဒေသနာတော်ကို ဟောပြတော်မူပါတယ်။ အဆုံးအမပေးတော်မူပါတယ်။ တစ်ခါပေးထားသော အဆုံးအမသည် ခြောက်နှစ်တို့ပတ်လုံး တည်မြဲပါတယ်၊ လိုက်နာကျင့်သုံးကြပါတယ်။

ကကုသန်ဘုရားရှင်နှင့် ကောဏာဂုံဘုရားရှင်တို့ဟာလည်း တစ်နှစ်လျှင် တစ်ကြိမ် ဩဝါဒပါတိမောက်ဒေသနာတော်ကို ဟောပြအဆုံးအမ ပေးတော်မူပါတယ်။ တစ်ခါပေးထားသော အဆုံးအမဟာ တစ်နှစ်ပတ်လုံး တည်တံ့ခိုင်မြဲပါတယ်၊ လိုက်နာကျင့်သုံးကြပါတယ်။

ကဿပဘုရားရှင်လည်း ခြောက်လတစ်ကြိမ်



ဩဝါဒပါတိမောက်ဒေသနာတော်ကို ဟောပြ အဆုံးအမပေးတော်မူပါတယ်။ ထိုဘုရားရှင် တစ်ကြိမ်ပေးထားသော အဆုံးအမဟာ ခြောက်လပတ်လုံး တည်တံ့ခိုင်မြဲပါတယ်၊ ဆုတ်ယုတ်ပျက်စီးခြင်းမရှိလိုက်နာကျင့်သုံးကြပါတယ်။

အထူးသဖြင့် သက်တော်ရှည်တော်မူကြတဲ့ ဘုရားရှင်တို့လက်ထက်တော်မှာ ဒီဩဝါဒပါတိမောက်ကိုဘဲ သက်ဆုံးတိုင် ဟောကြားဆုံးမတော်မူကြပါတယ်။

သက်တမ်းတိုတော်မူသော ဘုန်းကြီးတို့ ဂေါတမဘုရားရှင်မှာတော့ ဝါတော်(၂၀)အထိသာ လပြည့်လကွယ် ဥပုသ်နေ့တိုင်း ရဟန်းတော်များအား ကိုယ်တော်တိုင်ပင် ဩဝါဒပါတိမောက် ဒေသနာကို ဆုံးမဟောကြား ပြသတော်မူခဲ့ပါတယ်။

တချိန်မှာတော့ သံဃပရိသတ်ထဲမှာ သီလမစင်ကြယ်တဲ့ ရဟန်းတစ်ပါးရှိနေတဲ့အတွက် ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



မှစပြီး ဒီဩဝါဒပါတိမောက်ကို မပြတော့ဘဲ ရဟန်းတော်များအား အာဏာပါတိမောက်ကို ရွတ်ဆိုပြဖို့ ခွင့်ပြုတော်မူခဲ့ပါတယ်။

## ပါတိမောက္ခအဓိပ္ပာယ်နှင့်ပြည့်စုံပုံ

ပါတိမောက္ခဆိုတဲ့ပုဒ်မှာ ပါတိကတစ်ပုဒ်၊ မောက္ခကတစ်ပုဒ် နှစ်ပုဒ်ပါ။ ပါတိ-စောင့်ရှောက်သူကို၊ မောက္ခ-လွတ်စေတယ်။ နှစ်ပုဒ်ပေါင်းလိုက်တော့ ပါတိမောက္ခဆိုတာ စောင့်ရှောက်သူကို လွတ်စေတယ်လို့ အဓိပ္ပာယ်ရတယ်။ ဘာကိုစောင့်ရှောက်သူလဲ၊ ဘယ်မှလွတ်စေတာလဲဆိုတော့ သီလကို ရိုရိုသေသေ စောင့်ရှောက်သူကို အပါယ်ဆင်းရဲမှ လွတ်စေပြီးတော့ သုဂတိသို့ရောက်စေပါတယ်။

ပါတိမောက်ဟူသည်-

၁။ ဩဝါဒပါတိမောက်

၂။ အာဏာပါတိမောက် ဟူ၍ ၂မျိုးရှိပါတယ်။



အပါယ်ဆင်းရဲဘေးမှ လွတ်မြောက်စေတဲ့ အဆုံးအမ ဩဝါဒပေးမှုကို ဩဝါဒပါတိမောက် ခေါ်ပါတယ်။ ဒီဩဝါဒပါတိမောက်ကို ဘုရားရှင်တို့သာ ပြတော်မူပါတယ်။

အမိန့်အာဏာဖြင့် ပညတ်ထားသော ပါတိမောက်ကို အာဏာပါတိမောက်ဟု ခေါ်ပါတယ်။

ဒီအာဏာပါတိမောက်ကို တပည့်သံဃာများသာ ပြခွင့်ရှိပါတယ်။ ဘုရားရှင် ပညတ်ထားတဲ့ အာဏာပါတိမောက်ဟာ အကျဉ်းအားဖြင့် ၂၂၇သွယ် အကျယ်အားဖြင့် ကုဋေ ၉ထောင်ကျော် ရှိတယ်လို့ ကျမ်းဂန်များမှာ ဖွင့်ပြထားပါတယ်။

ရဟန်းတော်များဟာ ဘုရားရှင်ပညတ်တော်မူထားတဲ့ ၂၂၇သွယ်သော သိက္ခာပုဒ်တော်များကို ရိုရိုသေသေ လုံခြုံအောင် စောင့်ထိန်းမှသာလျှင် သီလဝိသုဒ္ဓိဖြစ်နိုင်ပါတယ်။

လူများမှာတော့ လူတို့နှင့်သက်ဆိုင်တဲ့ ၅ပါး

www.burmeseclassic.com

www.burmeseclassic.com



သီလ၊ ၈ ပါးသီလ၊ ၉ ပါးသီလ၊ ၁၀ ပါးသီလစတဲ့ သီလများထဲမှ မိမိနှစ်သက်ရာ သီလတစ်မျိုးမျိုးကို ရိုရိုသေသေနဲ့ လုံခြုံအောင် စောင့်ထိန်းလျှင် သီလဝိသုဒ္ဓိဖြစ်ပါတယ်။ သီလဝိသုဒ္ဓိဖြစ် သီလ စင်ကြယ်မှ သမာဓိဖြစ်ပါတယ်။ သာမာဓိဖြစ်မှ ရုပ်နာမ် ကြောင်းကျိုးသိတဲ့ ဝိပဿနာဉာဏ်ဖြစ်နိုင်ပါတယ်။ ဒီဝိပဿနာဉာဏ်တွေ ပြည့်စုံမှ မဂ်ပညာဖိုလ်ပညာဖြစ်ပြီး အပါယ်ဆင်းရဲမှ လွတ်ကင်းနိုင်ပါတယ်။

ဒါ့ကြောင့် လွန်ခဲ့တဲ့နှစ်ပေါင်း(၂၅၀၀)ကျော် မဟာသက္ကရာဇ်(၁၀၃)ခုနှစ် တပို့တွဲလပြည့်နေ့မှာ သဗ္ဗညုတဉာဏ်တော်ကြီးရ၊ ဘုရားဖြစ်တော်မူပြီး (၉)လတိတိပြည့်သောအခါသမယမှာ ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ရှင်တော်ဗုဒ္ဓသည် ရှင်သာရိပုတ္တရာ ရှင်မဟာမောဂ္ဂလန်အမှူးရှိတဲ့ သာဝက ပရိသတ် တစ်ထောင့်နှစ်ရာငါးကျိပ်တို့အား ရှေးရှေး ဘုရားရှင်များနည်းတူ ဩဝါဒပါတိမောက် ခေါ်



အပါယ်ဘေးမှ လွတ်မြောက်ရေး အဆုံးအမ တရားဒေသနာတော်ကို ယခုလို ဟောကြားတော်မူခဲ့ပါတယ်။

**ပထမဂါထာ**

**ခန္တီပရမံ တပေါ တိတိက္ခာ၊**
**နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။**
**နဟိ ပဗ္ဗဇိတော ပရူပဃာတီ၊**
**နသမဏော ဟောတိ ပရံ ဝိဟေဌယန္တော။**

တိတိက္ခာ-ချုပ်တည်းခြင်း ခံလင့်ခြင်းဟူသော၊ ခန္တီ-သည်းခံခြင်းသည်၊ ပရမံ-မြတ်သော၊ တပေါ-အကျင့်ပေတည်း။

နိဗ္ဗာနံ-နိဗ္ဗာန်ကို၊ ပရမံ-အမြတ်ဆုံးဟူ၍၊ ဗုဒ္ဓါ-တရားအလုံးစုံကို သိတော်မူကြကုန်သော ဘုရားရှင်တို့က၊ ဝဒန္တိ-ချီးကျူးဟောကြားတော်မူကုန်၏။

ပဗ္ဗဇိတော-ကိလေသာအညစ်အကြေးကို ပယ်ထုတ်တတ်သော ရဟန်းသည်၊ ပရူပဃာတီ-သူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ပါးကို ညှင်းဆဲတတ်သည်(ဝါ)သူတစ်ပါးကို သတ်တတ်သည်။ နဟိဟောတိ-မဖြစ်သည်သာတည်း။

ပရံ-သူတစ်ပါးကို၊ ဝိဟေဌယန္တော ညှင်းဆဲသောသူသည်၊ နသမဏောဟောတိ-ကိလေသာငြိမ်းစေသော သမဏ မဟုတ်ပေ။

**ပထမသြဝါဒ**

**"သည်းခံခြင်းသည် အမြတ်ဆုံး"**

တိတိက္ခာ-ချုပ်တည်းခြင်း ခံလင့်ခြင်းဟူသော၊ ခန္တီ-သည်းခံခြင်းသည်၊ ပရမံ-မြတ်သော၊ တပေါ-အကျင့်ပေတည်း။

ဆိုလိုရင်းကတော့ သည်းခံခြင်းဟာ မြတ်သော အကျင့်ပဲလို့ ဆိုလိုပါတယ်။

မိမိအပေါ်မှာ ရန်ပြုလာသူကိုဖြစ်စေ၊ မတော်မသင့် ပြောသူကိုဖြစ်စေ တုန့်ပြန် ရန်မူခြင်းမရှိဘဲ သည်းခံခြင်းဟူသမျှဟာ မြတ်သောအကျင့်ချည်းပါဘဲ။



သည်းခံတယ်ဆိုတာ တခြားနေရာမှာထက် တရားအားထုတ်ရာမှာ ပိုပြီး သည်းခံရမှာဖြစ်ပါတယ်။ ဘာတွေ သည်းခံရမှာလဲဆိုရင် အာရုံဆိုးတွေကိုလည်း သည်းခံရတယ်၊ ကိုယ်ထဲက မခံသာတဲ့ ဒုက္ခဝေဒနာတွေကိုလည်း သည်းခံရတယ်။

အာရုံဆိုးတွေဆိုတာက မိမိအလိုမရှိတဲ့ အမြင်အာရုံ၊ အသံအာရုံ၊ အနံ့အာရုံ စသည်တွေရယ်၊ ရန်သူတွေရယ်၊ ဘေးအန္တရာယ်တွေရယ် ဒီလိုဟာတွေပါဘဲ။ အဲဒီအာရုံဆိုးတွေကြောင့် စိတ်မဆိုးပဲ ဒေါသမဖြစ်ပဲ ရန်တုန့်မမူပဲ သည်းခံနိုင်ဖို့ လိုပါတယ်။

နောက် ကိုယ်ထဲက ဖြစ်ပေါ်လာတဲ့ ဝေဒနာဆိုးတွေဖြစ်တဲ့ ညောင်းတာ၊ ပူတာ၊ နာကျင်ကိုက်ခဲတာ၊ မျက်နှာပေါ် ကိုယ်ပေါ်မှာ ရှိုးရှိုးရွရွနဲ့ အခံခက်တဲ့ ဝေဒနာ စတာတွေကို သည်းခံနိုင်ဖို့ လိုပါတယ်။

သည်းခံတဲ့အကျင့်ရှိပါမှ သီလအကျင့်၊ သမာဓိအကျင့်၊ ပညာအကျင့်တွေ ပြည့်စုံနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဒီသည်းခံခြင်းကို မြတ်သော အကျင့်လို့ အခြေခံအဖြစ်ဖြင့် ချီးကျူးပြီး ဟောကြားတော်မူခဲ့တာပါ။

အခြေခံအကျင့်မြတ် ဖြစ်ပုံကတော့ ငါးပါးသီလစောင့်ထိန်းမယ်ဆိုရင်တောင် သည်းခံပြီး စောင့်ထိန်းမှ ပြည့်စုံနိုင်ပါတယ်။ သည်းမခံပဲကိုယ့် အလိုအတိုင်း လုပ်ချင်ရာတွေ လျှောက်ပြီး လုပ်နေရင်တော့ မပြည့်စုံနိုင်၊ မစင်ကြယ်နိုင်ပါဘူး။

ဥပမာ-ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊ သတ္တဝါ၏အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏လို့ဆိုပြီး ဆောက်တည်ထားပေမယ့် သည်းမခံနိုင်ရင်တော့၊ ခြင်ကိုက်တဲ့အခါ သည်းမခံပဲ အဲဒီခြင်ကို ပွတ်သတ်လိုက်ရင် အဲဒီသီလ ပျက်သွားတာပဲ။ ဒီထက်ကြီးတဲ့ရန်သူတွေကို သည်းမခံပဲ သတ်လိုက်ရင်လည်း သီလပျက်စီးတာပဲ။



သူတစ်ပါးဥစ္စာကို မတရားသဖြင့်ယူခြင်းမှ ရှောင်ကြဉ်ရတဲ့ အဒိန္နာဒါနသိက္ခာပုဒ်၊ တရားမဝင်တဲ့ ကာမဂုဏ်တို့၌ မှားယွင်းကျူးလွန်နေခြင်းမှ ရှောင်ကြဉ်ရတဲ့ ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်တွေကတော့ လိုချင်နှစ်သက်တဲ့ လောဘအလိုသို့ မလိုက်ဘဲ သည်းခံပြီး စောင့်ထိန်းနေနိုင်မှ ပြည့်စုံစင်ကြယ်နိုင်ပါတယ်။ သည်းမခံပဲ လောဘအလိုလိုက်ပြီး ပြုကျင့်ရင်တော့ အဲဒီသိက္ခာပုဒ် သီလတွေလည်း ပျက်စီးတော့တာပဲ။ တခြားသိက္ခာပုဒ်သီလတွေလည်း ဒီလိုပါပဲ၊ သည်းခံပြီး မစောင့်ထိန်းပဲ လောဘ ဒေါသ အလိုလိုက်ပြီး ပြုကျင့်ရင် သီလပျက်တာချည်းပါပဲ။

ရဟန်းများမှာ စောင့်ထိန်းရမည့် သိက္ခာပုဒ်တွေကသာပြီးများပါတယ်။ လောဘ၊ ဒေါသ အလိုလိုက်ပြီး သည်းခံပြီး မစောင့်ထိန်းရင် သီလပျက်ဆီးတာချည်းပဲ၊ သည်းခံပြီး စောင့်ထိန်းပါမှ ရဟန်းတော်တို့ရဲ့ သီလကလည်း ပြည့်စုံနိုင်တယ်။ ဒါ့ကြောင့်

www.burmeseclassic.com



သည်းခံတဲ့အကျင့်ဟာ သီလပြည့်စုံခြင်းရဲ့ အခြေခံ အကျင့်ဖြစ်ပါတယ်။

## သည်းခံခြင်းနှင့် သမာဓိပညာဘာဝနာ

သမာဓိပညာ ဘာဝနာအလုပ် အားထုတ်တဲ့ အခါမှာလည်း အပြင်အပအာရုံတွေကိုဖြစ်စေ၊ ကိုယ်တွင်းက ဗြောင်းညာပူပင် နာကျင်ကိုက်ခဲမှု ဒုက္ခ ဝေဒနာတွေကိုဖြစ်စေ သည်းမခံပဲ ကိုယ်အမူအရာ တွေကို မကြာခဏ ပြုပြင်နေရင် ယောဂီမှာ သမာဓိ လည်းကောင်းကောင်းမဖြစ်နိုင်ဘူး၊ သမာဓိအား မကောင်းတော့ ဝိပဿနာဉာဏ်လည်း ကောင်း ကောင်းမဖြစ်နိုင်ဘူး။ ဖြစ်ပေါ်လာတဲ့ ဒုက္ခဝေဒနာကို မပြုပြင်ပဲ သည်းခံပြီး တင်းတင်းရင်းရင်း မပြတ်ရှုမှတ် နေမှ သမာဓိရော ဉာဏ်ပညာရော ကောင်းကောင်း ဖြစ်နိုင်ပါတယ်။

ဒါ့ကြောင့် သည်းခံတဲ့အကျင့်ဟာ သမာဓိ

BURMESE CLASSIC .com



အကျင့်၊ ပညာအကျင့်များရဲ့ အခြေခံလည်းဖြစ်တယ်။ ဒီလို သီလ သမာဓိ ပညာအကျင့်များ၏ အခြေခံ ဖြစ်သောကြောင့် သည်းခံခြင်းကို မြတ်သောအကျင့်လို့ ရှေးဦးစွာ ချီးကျူးဟောကြားတော်မူတာ ဖြစ်ပါတယ်။

သည်းခံခြင်းကို အခြေခံပြုပြီး ကျင့်ကြံအား ထုတ်လို့ သီလ၊ သမာဓိ၊ ပညာ ပြည့်စုံရင် အရိယာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရ တော့တာပါပဲ။ ဒါကြောင့် ရှေးပညာရှိသူတော်ကောင်း များက သည်းခံရင် နိဗ္ဗာန်ရောက်သည်ဆိုတဲ့ စကားပုံ ကို ထွင်ထားခဲ့ခြင်း ဖြစ်ပါတယ်။ ဒါလည်း သိပ် ကောင်းပြီး သိပ်မှန်ကန်တဲ့ စကားဖြစ်ပါတယ်။

ဒါနကုသိုလ်ပြုရာမှာဘဲဖြစ်ဖြစ် သီလ စောင့် ထိန်းရာမှာဘဲဖြစ်ဖြစ် စောစောကပြောခဲ့တဲ့ အတိုင်း သည်းခံပြီးကျင့်ရတာပဲ၊ အထူးအားဖြင့် သတိပဋ္ဌာန် ဘာဝနာတရား ပွားများတဲ့အခါမှာ သည်းခံနိုင်ဖို့ရာ ပိုပြီးလိုအပ်ပါတယ်။ အခံခက်တဲ့ ဝေဒနာတွေ ပေါ်

www.burmeseclassic.com

www.burmeseclassic.com



လာရင်လည်း ရုတ်တရက် မပြုပြင်ဘဲ သည်းခံပြီး ရှုမှတ်နေရတယ်။ အဲဒီလို သည်းခံပြီး ရှုမှတ်နေရင် ရုပ်နှင့်နာမ်ကို ပိုင်းခြားသိတဲ့ဉာဏ်၊ အကြောင်းနဲ့ အကျိုးကို ပိုင်းခြားသိတဲ့ဉာဏ်၊ အဖြစ်နဲ့ အပျက်ကို ပိုင်းခြားသိတဲ့ဉာဏ်တွေ အစဉ်အတိုင်းတက်လို့ ဝိပဿနာဉာဏ်အဆင့်ဆင့် ရင့်ကျက် ပြည့်စုံလာတဲ့အခါ အရိယာမဂ်ပညာ ဖိုလ်ပညာအထိ အကုန်လုံး ပြည့်စုံသွားနိုင်ပါတယ်။ ဒါကြောင့် သည်းခံခြင်းဟာ သီလ၊ သမာဓိ၊ ပညာအထိ ပြည့်စုံရေးအတွက် အကောင်းဆုံး အမြတ်ဆုံး အခြေခံအကျင့်ဖြစ်တယ် ဆိုတာကို သိနားလည်ပြီး အစစအရာရာမှာ သည်းခံပြီး ကျင့်ကြံအားထုတ်ဖို့ရန် ဘုရားရှင်က (ခန္တီ ပရမံ တပေါ တိတိက္ခာ) တိတိက္ခာ-ချုပ်တည်းခြင်း ခံလင့်ခြင်းဟူသော ခန္တီ-သည်းခံခြင်းသည်၊ ပရမံ-မြတ်သော၊ တပေါ-အကျင့်ပေတည်းလို့ သည်းခံခြင်းဟာ မြတ်သော အကျင့်ဖြစ်ကြောင်း အဆုံးအမ ပေးတော်မူပါတယ်။





## ရှင်သာရိပုတ္တရာသည်းခံပုံ

တစ်ချိန်သောအခါက ရှင်သာရိပုတ္တရာ မထေရ်ဟာ နောက်ပါသံဃာများနဲ့ ဓမ္မဒေသနာ ခရီးကြွချီဖို့ မြတ်စွာဘုရားကို အရိုအသေပြု ရှိခိုးပြီး ခရီးကြွစဉ် မလိုလားတဲ့ရဟန်းတစ်ပါးက သူ့ကို အရှင်သာရိပုတ္တရာက တိုက်ခိုက်သွားတဲ့အကြောင်း စွပ်စွဲပြီး ဘုရားထံ လျှောက်ထားတယ်။ ရှင်သာရိပုတ္တရာ မထေရ်မြတ်က ဒီလိုဖြေရှင်း လျှောက်ထားပါတယ်။ "မြတ်စွာဘုရား၊ ကာယဂတာသတိ ဘာဝနာ မထင်တဲ့ သူဆိုရင်တော့ အဲဒီလို သူတစ်ပါးကို မရိုမသေတိုက်ခိုက်သွားခြင်း ဖြစ်နိုင်ပါတယ်ဘုရား။

တပည့်တော်ကတော့ မြေကြီးနဲ့တူစွာ သည်းခံပြီးနေပါတယ်အရှင်ဘုရား။ မြေကြီးပေါ်မှာ ကျင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ကျင်ငယ်၊ တံတွေး၊ ပြည်၊ သွေးဆိုတဲ့ စက်ဆုပ်ရွံရှာဖွယ် မစင်ကြယ်တာတွေကို သွန်ချထားပေမယ်လို့ မြေကြီးကတော့ ရွံမုန်းစက်ဆုပ်ခြင်း မရှိသလိုပင် သည်းခံပြီးကျင့်ပါတယ်။ ရေမီး၊ လေထဲမှာ အဲဒီရွံရှာဖွယ်တွေကို ပစ်ချထားပေမယ်လို့ ရေ၊ မီး၊ လေတွေက ရွံမုန်းဆက်ဆုပ်ခြင်းမရှိကြသလိုပင် သည်းခံပြီးကျင့်ပါတယ်။ ခြေသုတ် အခင်း ချေးသုတ်အဝတ်များဟာ စက်ဆုပ်ဖွယ်တွေဖြင့် အသုတ်ခံရပြီး အနင်းခံရ၍ အညစ်အကြေးတွေ လူးပေနေသော်လည်း ရွံမုန်းစက်ဆုပ်ခြင်းမရှိသလိုပင် သည်းခံပြီးကျင့်ပါတယ်" လို့ ဥပမာ(၉)မျိုးနှင့် နှိုင်းယှဉ်ဖော်ပြပြီး သည်းခံပုံတွေကို လျှောက်ထားဖြေရှင်းပြပါတယ်။ ဒါဟာ သည်းခံကျင့်သုံး အမြတ်ဆုံးပေဆိုတဲ့ ဒေသနာနှင့်အညီ ရှင်သာရိပုတ္တရာမထေရ်ရဲ့ သည်းခံပုံကို နည်းယူပြီး ယောဂီသူတော်စင်များလည်း အစစအရာရာ သည်းခံပြီး ကျင့်သင့်ကြပါတယ်။



သည်းခံမှုမရှိဘဲနဲ့ တစ်ဖက်သားကို ချေပပြောဆိုမိရင် အဲဒီပုဂ္ဂိုလ်ဟာ အမြတ်မ်းရန်သူဖြစ်နေပြီး မိမိရဲ့ အကျိုးမဲ့တွေကို ပြောဆိုပြုလုပ်နေတတ်ပါတယ်။ မေတ္တာဖြင့် သည်းခံနေရင်တော့ အဲဒီတစ်ဖက်သားဖြစ်သူက မိမိကို မလိုမုန်းထားခြင်းမရှိပဲ ချစ်ခင်နေတတ်ပါတယ်။ မချစ်ခင်တောင်မှ အကျိုးမဲ့ကိုတော့ မပြောပဲ မပြုပဲနေတတ်ပါတယ်။ ဒါဟာ သည်းခံခြင်းရဲ့ လက်ငင်းတွေ့နိုင်တဲ့ အကျိုးပါပဲ။

ဆင်းရဲငြိမ်းကြောင်း အကျင့်ကောင်း အကျင့်မှန်ဖြစ်တဲ့ မဟာသတိပဋ္ဌာန် ဝိပဿနာတရားကို အားထုတ်နေကြတဲ့ ယောဂီဟောင်း ယောဂီသစ်များမှာလည်း ဘယ်လိုအခက်အခဲ အဖျက်အဆီးတွေနဲ့ တွေ့တွေ့ အစစအရာရာ သည်းခံပြီး ရှုမှတ် အားထုတ်ရင် ဝိပဿနာဉာဏ်ထူးတရားထူးတွေကို မကြာခင်မှာပဲ ရရှိသွားနိုင်ပြီး အပါယ်ဆင်းရဲတို့မှ လွတ်မြောက်သွားနိုင်ပါတယ်။ ဒါကြောင့် သည်းခံကျင့်သုံး အမြတ်

www.burmeseclassic.com



ဆုံးပေဆိုတဲ့ ဗုဒ္ဓအဆုံးအမဟာ အလွန်အရေးကြီးတဲ့ ဩဝါဒဖြစ်ပါတယ်။ အဲဒါကို ထပ်ပြီး ဆိုကြရအောင်

. . . .

**ဆောင်ပုဒ် ▶ သည်းခံကျင့်သုံး အမြတ်ဆုံးပေ။**

## ဒုတိယဩဝါဒ
## "နိဗ္ဗာန်သည်အမြတ်ဆုံး"

(နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ) နိဗ္ဗာနံ-နိဗ္ဗာန်ကို၊ ပရမံ-အမြတ်ဆုံးဟူ၍၊ ဗုဒ္ဓါ-တရားအလုံးစုံကို သိတော်မူကြသည့် ဘုရားရှင်တို့က၊ ဝဒန္တိ-ချီးကျူးတော်မူကြပါပေသည်။

သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်ဟူသမျှတို့က နိဗ္ဗာန်ကို အမြတ်ဆုံးလို့ ချီးကျူးတော်မူကြပါတယ်။ အရိယာမဂ်ဖိုလ်ဆိုတာတွေဟာ သင်္ခတတရားတွေထဲမှာတော့ အမြတ်ဆုံး တရားတွေပါပဲ၊ အဲဒါတွေက နိဗ္ဗာန်ရောက်ကြောင်းဖြစ်လို့ အမြတ်ဆုံးမည်တာပဲ။ ဖြစ်ခြင်း၊ ပျက်ခြင်းမကင်းသေးတဲ့ သင်္ခတတရားများ ဖြစ်တဲ့



အတွက် ဖြစ်ခြင်း၊ ပျက်ခြင်းလုံးဝကင်းတဲ့ အသင်္ခတ နိဗ္ဗာန်တရားနှင့် နှိုင်းယှဉ်ကြည့်ရင်တော့ အဲဒီမဂ်ဖိုလ်တရားတော်ကို အမြတ်ဆုံးလို့ မဆိုနိုင်သေးပါ၊ နိဗ္ဗာန်သည်သာ အမြတ်ဆုံးဖြစ်ပါတယ်။

လူ့ဘဝမှာလည်း လူ့ကာမဂုဏ် အာရုံတွေကို ခံစားနေရလို့ကောင်းတယ်၊ ချမ်းသာတယ်လို့ ထင်နေကြတယ်။ နတ်ပြည်လောကမှာလည်း နတ်ကာမဂုဏ် အာရုံတွေကို ခံစားနေရလို့ ချမ်းသာတယ်၊ ကောင်းတယ်လို့ ထင်နေကြတယ်။ ဗြဟ္မာ့ပြည်မှာလည်း ဗြဟ္မာချမ်းသာတွေ ခံစားနေရလို့ ကောင်းတယ်၊ ချမ်းသာတယ်လို့ ထင်နေကြတယ်။ တရားသဘောနဲ့ လေးလေးနက်နက် စဉ်းစားဆင်ခြင်ကြည့်ရင် ကိလေသာမကင်းသေးပါက အများအားဖြင့် အပါယ်ဘုံတွေမှာဖြစ်ပြီး အတိဒုက္ခရောက်နေကြရမယ်။ သုဂတိဘုံ၌ဖြစ်တဲ့အခါလည်း အို နာ သေ အစရှိတဲ့ ဆင်းရဲတွေကို ခံစားနေကြရမှာချည်းပါပဲ၊ အယုတ်ဆုံးအားဖြင့် စိတ်ပူကြဲစည်

www.burmeseclassic.com

www.burmeseclassic.com



နေကြရတာသည်ပင် အင်္ခါရ ဒုက္ခဆင်းရဲတွေပဲ။ ကိလေသာလုံးဝကင်းပြီး ဘဝအသစ်မဖြစ်ရတော့ပဲ ရုပ်နာမ်သင်္ခါရ ဆင်းရဲတွေ လုံးဝပြတ်စဲ ချုပ်ငြိမ်းသွားပါမှ ဆင်းရဲခပ်သိမ်း အမြဲတမ်းငြိမ်းသွားမယ်ဆိုတာ အလွန်ထင်ရှားပါတယ်။ ဒါကြောင့် ဘုရားရှင်က နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။ နိဗ္ဗာနံ-နိဗ္ဗာန်ကို၊ ပရမံ-အမြတ်ဆုံးဟူ၍၊ ဗုဒ္ဓါ-တရားအလုံးစုံကို အကုန်အစင် သိမြင်ကြသော ဘုရားရှင်တို့သည်၊ ဝဒန္တိ-ချီးကျူးတော်မူကြသည်လို့ ဟောတော်မူပါတယ်။

အဲဒါကို လိုက်ဆိုကြရအောင်. . .

**ဆောင်ပုဒ် ▶ နိဗ္ဗာန်မြတ်လှ ဗုဒ္ဓမိန့်ပေ။**

**တတိယဩဝါဒ**

**"မညှဉ်းဆဲမှ သာမဏ"**

**နဟိပဗ္ဗဇိတော ပရူပဃာတီ၊**

**နသမဏော ဟောတိ ပရံ ဝိဟေဌယန္တော။**

ပဗ္ဗဇိတော-ကိလေသာအညစ်အကြေးကို ပယ်ထုတ်တတ်သောရဟန်းသည်၊ ပရူပဃာတီ-



သူတစ်ပါးကို ညှဉ်းဆဲတတ်သည်၊ ဝါ၊ သူတစ်ပါးကို သတ်တတ်သည်၊ နဟိဟောတိ-မဖြစ်သည်သာတည်း။

ပရံ-သူတစ်ပါးကို၊ ဝိဟေဌယန္တော-ညှဉ်းဆဲသောသူသည်၊ နသမဏော ဟောတိ-ကိလေသာကို ငြိမ်းစေသော သမဏမဟုတ်ပေ။

"ပဗ္ဗာဇယံ အတ္တနောမလံ ပဗ္ဗဇိတောတိ ဝုစ္စတိ"

အတ္တနော-မိမိ၏၊ မလံ-ကိလေသာ အညစ်အကြေးကို၊ ပဗ္ဗာဇယံ ပဗ္ဗာဇယန္တော-ပယ်ထုတ်ပစ်တတ်၏၊ ဣတိ-ထို့ကြောင့်၊ ပဗ္ဗဇိတော-ပဗ္ဗဇိတမည်၏. . . တဲ့။

မိမိရဲ့ ကိလေသာအညစ်အကြေးတွေကို ပယ်ထုတ်တတ်လို့ ရဟန်းမည်တယ်လို့ မိန့်ဆိုထားသည့်အတိုင်း မိမိသန္တာန်မှာ သီလပျက်ကြောင်းဒေါသ၊ လောဘစသော ကိလေသာ အညစ်အကြေးကို ပယ်ထုတ်ရင် ပဗ္ဗဇိတမည်တယ်၊ ရဟန်းမည်တယ်၊ သူတစ်ပါးကို ညှဉ်းဆဲတတ်တယ်၊ သတ်ဖြတ်တတ်တယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်တော့ ညှဉ်းဆဲတတ် သတ်တတ်တဲ့ ဒေါသ အညစ်အကြေးကို မပယ်တတ် သောကြောင့် ပဗ္ဗဇိတ မမည်တော့ဘူး၊ ရဟန်းမဟုတ်တော့ဘူး။

**ဆောင်ပုဒ် ▶ ရဟန်းမှန်လျှင်း မညှဉ်းတတ်ပေ။**

ဒုတိယအနက်အရအားဖြင့် သူတစ်ပါး မသတ်ရဘူး၊ သတ်လျှင် ပဗ္ဗဇိတအမည်ခံ ရဟန်း မဟုတ်တော့ဘူးလို့ ဆိုလိုပါတယ်။ အဲဒါကို . . .

**ဆောင်ပုဒ် ▶ ရဟန်းမှန်လတ် မသတ်တတ်ပေ။**

သမဏ ရဟန်းဆိုတာကတော့ (သမိတတ္တာ ဟိပါပါနံ သမဏောတိ ပဝုစ္စတိ)လို့ မိန့်ဆိုထားသည်နှင့်အညီ မကောင်းမှုအကုသိုလ်ကို ငြိမ်းစေတတ်လျှင် သမဏ ရဟန်းလို့ ခေါ်ဆိုရတယ်။ မငြိမ်းစေတတ်ရင်တော့ သမဏရဟန်းလို့ မခေါ်ဆို ရပါဘူး။

ဒါကြောင့် ပရံ-သူတစ်ပါးကို၊ ဝိဟေဌယန္တော-ညှဉ်းဆဲသောသူသည်၊ နသမဏောဟောတိ-သမဏ



ဆိုတဲ့ ရဟန်းမမည်ဘူးလို့ ဟောတော်မူပါတယ်။ အဲဒါကို . . .

**ဆောင်ပုဒ် ▶ ညှဉ်းဆဲက သမဏမဟုတ်ချေ။**

ကဲ. . . ပထမအဆုံးအမ ဩဝါဒဒေသနာ ဂါထာ ပြီးသွားပါပြီ။ ဆောင်ပုဒ်များကို အစမှစပြီး ဆိုကြရမယ်။

**သည်းခံကျင့်သုံး အမြတ်ဆုံးပေ၊**
**နိဗ္ဗာန်မြတ်လှ ဗုဒ္ဓမိန့်ပေ၊**
**ရဟန်းမှန်လျှင်း မညှဉ်းတတ်ပေ၊**
**ရဟန်းမှန်လတ် မသတ်တတ်ပေ၊**
**ညှဉ်းဆဲက သမဏ မဟုတ်ချေ။**

## ဒုတိယဂါထာ

**သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။**
**သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။**

သဗ္ဗပါပဿ-အလုံးစုံသော မကောင်းမှု အကုသိုလ်ဟူသမျှကို၊ အကရဏံ-မပြုမလုပ်ရခြင်း

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ ကုသလဿ-ကုသိုလ်ဟူသမျှကို၊ ဥပသမ္ပဒါ-ပြည့်စုံစေခြင်းလည်းကောင်း၊ သစိတ္တပရိယောဒပနံ-မိမိစိတ်ကို ဖြူစင်စေခြင်းလည်းကောင်း၊ ဧတံ-ဤတရားသုံးပါးသည်၊ ဗုဒ္ဓါနံ-ဘုရားရှင်တို့၏၊ သာသနံ-အဆုံးအမဩဝါဒအစစ် ဖြစ်ပါပေသတည်း။

## ပထမဩဝါဒ

## "အကုသိုလ်ဟူသမျှ မပြုရ"

သဗ္ဗပါပဿ-အလုံးစုံသော မကောင်းမှု အကုသိုလ်ဟူသမျှကို၊ အကရဏံ-မပြုလုပ်ရခြင်း လည်းကောင်း၊ အလုံးစုံသော မကောင်းမှုအကုသိုလ် ဟူသမျှတွေကို မပြုမလုပ်ရဘူးလို့ ဆိုလိုပါတယ်။ ဘာကြောင့် မပြုလုပ်ရသလဲဆိုတော့ အကုသိုလ် ဆိုတာ "သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ" အပြစ်နှင့်တကွ ဖြစ်ခြင်း၊ ဆင်းရဲသော မကောင်းကျိုးကို ပေးတတ်ခြင်းသဘော လက္ခဏာရှိတယ်။ ဒါကြောင့် မကောင်းမှု အကုသိုလ်



များကို မပြုလုပ်ဖို့ အဆုံးအမပေးတော်မူခြင်း ဖြစ်ပါတယ်။

မကောင်းမှုဆိုတာ ကာယကံဒုစရိုက်၊ ဝစီကံဒုစရိုက်၊ မနောကံဒုစရိုက်ဆိုတဲ့ အကုသိုလ်ကံ များကို ခေါ်ပါတယ်။

သူတစ်ပါးအသက်ကိုသတ်ခြင်း၊ သူတစ်ပါးဥစ္စာကို လုယက်ခိုးယူခြင်း၊ မပိုင်ဆိုင်တဲ့ ကာမဂုဏ်တို့၌ မှားယွင်းကျူးလွန်ခြင်းဆိုတဲ့ ကာယကံဒုစရိုက်သုံးပါး။

လိမ်ညာ၍ ပြောခြင်း၊ သူနှစ်ဦးတို့ ခင်မင်မှု ပျက်အောင် ဂုံးတိုက်စကားပြောခြင်း၊ ကြမ်းတမ်းသော စကားပြောခြင်း၊ အနှစ်မဲ့ အပြိန် အဖျဉ်းစကားကို ပြောခြင်းဆိုတဲ့ ဝစီကံဒုစရိုက်လေးပါး။

ပြီးတော့ သူတစ်ပါးစည်းစိမ်ဥစ္စာကို မတရားယူလိုမှု၊ သူတစ်ပါးကို ပျက်စီးစေလိုမှု၊ မှားသော အယူဝါဒကို ယူမှုဆိုတဲ့ မနောကံ ဒုစရိုက်သုံးပါး ကိုလည်း ကြဉ်ရှောင်ကြရမယ်။ အဲဒီ သုံးပါးသော

www.burmeseclassic.com

www.burmeseclassic.com



ဒုစရိုက်တရားတွေကို မပြုလုပ်ပဲ ရှောင်ကြဉ်ကြဖို့လို့ ဘုရားရှင်တိုင်းက အဆုံးအမတွေ ထပ်ခါထပ်ခါ ပေးတော်မူခဲ့ကြတယ်။

**ဆောင်ပုဒ် ► ကိုယ်နှုတ်စိတ်မှု မကောင်းမှု မပြုကိုယ်ဝယ်ရှောင်ရမည်။**

## သင့်စိတ်ထဲ အမြဲဆင်ခြင်ပါ

ပြုလုပ်စရာတစ်ခုခုကို ပြုလုပ်တော့မယ်ဆိုရင် သတိသမ္ပဇဉ်ဉာဏ်ရှင်ဖို့ ဆင်ခြင်ဖို့ လိုပါတယ်။ မိမိ လုပ်နေတဲ့အလုပ်ဟာ သူတစ်ပါးကိုများ ထိခိုက်လေမလား၊ မိမိကိုပဲ ပြန်ထိခိုက်လေမလား ဆိုတာ ဆင်ခြင်ဖို့ လိုပါတယ်။ တကယ်လို့ မိမိကိုပဲ ဖြစ်စေ၊ သူတစ်ပါးကိုပဲဖြစ်စေ တစ်စုံတစ်ရာ ထိခိုက်နိုင်တယ်ဆိုရင် မပြုလုပ်ပဲရှောင်ကြဉ်သင့်ပါတယ်။

ဒီလိုပဲ စကားတစ်ခုပြောတော့မယ်ဆိုရင် မိမိ ပြောမယ့်စကားဟာ မိမိကိုဖြစ်စေ၊ သူတစ်ပါးကိုဖြစ်စေ



တစ်စုံတစ်ရာ ထိခိုက်နိုင်တယ်ဆိုရင် မပြောနဲ့ ရှောင်ပါ။

ထို့အတူပဲ စိတ်ကူးကြံစည်တဲ့နေရာမှာလည်း မိမိရဲ့အတွေး၊ မိမိရဲ့အကြံအစည်တွေဟာ မိမိ အပေါ်မှာဖြစ်စေ၊ သူတစ်ပါးအပေါ်မှာဖြစ်စေ ထိခိုက် စေနိုင်တဲ့ မကောင်းတဲ့စိတ်ကူး၊ မကောင်းတဲ့ အတွေးတွေ ဆိုရင် ဆက်မတွေးနဲ့၊ ရှောင်ပါ။

**ဆောင်ပုဒ် ► ပြုမယ်ကြံလဲ သင့်စိတ်ထဲ၊ အမြဲဆင်ခြင်ပါ၊**
**ပြောမယ်ကြံလဲ သင့်စိတ်ထဲ၊ အမြဲဆင်ခြင်ပါ၊**
**တွေးမယ်ကြံလဲ သင့်စိတ်ထဲ၊ အမြဲဆင်ခြင်ပါ။**
**မိမိသူတစ်ပါး နှစ်ဦးသား၊ ဘယ်သူ့များထိမည်လဲ။**
**ထိခိုက်နိုင်ငြား အပြုများ၊ မမှားရှောင်ကြဉ်ပါ။**
**ထိခိုက်နိုင်ငြား အပြောများ၊ မမှားရှောင်ကြဉ်ပါ။**
**ထိခိုက်နိုင်ငြား အတွေးများ၊ မမှားရှောင်ကြဉ်ပါ။**

အကျဉ်းချုပ်အားဖြင့်ဆိုရင်တော့ ကိုယ်ဖြင့် မပြုသင့်တာကို မပြုပဲ ရှောင်ကြဉ်ရမယ်၊ နှုတ်ဖြင့် မပြောသင့်တာကိုမပြောပဲ ရှောင်ကြဉ်ရမယ်၊ စိတ်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မတွေးသင့်တာကို မတွေးပဲ ရှောင်ကြဉ်ရမယ်၊ ဒီလို အမှု၊ ဒီလိုစကား၊ ဒီလိုအတွေးကို ပြုလို့ပြောလို့ တွေးလို့ မတော်ဘူး၊ ပညာရှိသူတော်ကောင်းများက ကဲ့ရဲ့ လိမ့်မယ်လို့ ထင်ရတဲ့ အမှုဟူသမျှ စကားဟူသမျှ အတွေးဟူသမျှကို မပြုပဲ မပြောပဲ မတွေးပဲ ရှောင်ကြဉ် နေဖို့ပါပဲ။ အဲဒီလို ရှောင်ကြဉ်ခြင်းအားဖြင့် မျက်မှောက် မှာလည်း ချမ်းသာတယ်၊ တမလွန်မှာလည်း အပါယ် ဆင်းရဲတို့မှ လွတ်မြောက်နိုင်ပါတယ်။ အဲဒီလို နေထိုင် ကျင့်သုံးရင် မကောင်းမှု အကုသိုလ်ဟူသမျှကို မပြုရ ဘူးဆိုတဲ့ အဆုံးအမဩဝါဒနဲ့ ညီညွတ်ပြည့်စုံသွား တော့တာပါပဲ။

## ဒုတိယဩဝါဒ
## “ကုသိုလ်ဟူသမျှ ပြည့်စုံကြ”

ကုသလဿ- ကုသိုလ်ဟူသမျှကို၊ ဥပသမ္ပဒါ- ပြည့်စုံစေခြင်းလည်းကောင်း၊ ကုသိုလ်ဟူသမျှကို ပြည့်စုံစေရမယ်လို့ ဆိုလိုပါတယ်။ အများနားလည်



လွယ်တဲ့နည်းနဲ့ပြောရရင် ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမာဓိကုသိုလ်၊ ဝိပဿနာပညာကုသိုလ်၊ အရိယမဂ် လေးပါးကုသိုလ်လို့ဆိုတဲ့ ဒီကုသိုလ်ဟူသမျှတွေကို ပြည့်စုံအောင် ပြုလုပ်အားထုတ်ဖို့ပါဘဲ။

ဒါနကုသိုလ်ဆိုရာမှာ ဆွမ်းကုသိုလ်ဖြစ်စေ၊ သင်္ကန်းကုသိုလ်ဖြစ်စေ၊ ကျောင်းကုသိုလ်ဖြစ်စေ၊ ဆေးပစ္စည်းကုသိုလ်ဖြစ်စေ၊ ထီး ဖိနပ် စသော အခြား သော ကုသိုလ်ကိုဖြစ်စေ ဘယ်လိုကုသိုလ်ပဲ ဖြစ်ဖြစ် တတ်စွမ်းနိုင်သမျှ ပြုကောင်းတာချည်းပဲ [ဒီထဲမှာ ကုသိုလ်ဒါန မဖြစ်စေနိုင်တဲ့ (၁) ဣတ္ထိ ဒါန- မိန်းမ အလှူ (၂) သတ္တဒါန- သတ္တဝါအလှူ (၃) မဇ္ဇဒါန- မူးယစ်ဆေးအလှူ (၄) သမဇ္ဇဒါန- ပွဲအလှူ စသည် ကိုတော့ မပါဘူးလို့ မှတ်ယူကြစေလိုပါသည်) ဒါန ကုသိုလ်ဖြစ်စေနိုင်တဲ့ အလှူဟူသမျှ ဘယ်လိုအလှူ ကိုမှ မြတ်စွာဘုရားက ပယ်မြစ်ခြင်းမရှိပါဘူး။

တချို့ပုဂ္ဂိုလ်များကတော့ လူချမ်းသာ နတ်

www.burmeseclassic.com



ချမ်းသာကို တောင့်တပြီး မလှူဖို့ တားမြစ်ကြတာလည်းရှိတယ်။ လူချမ်းသာ၊ နတ်ချမ်းသာကို တောင့်တပြီးလှူလျှင် သံသရာရှည်တတ်တယ်လို့လည်း အပြစ်ပြောတတ်ကြတယ်။ ဘုရားလက်ထက်က သာမန်ကုသိုလ်ကောင်းမှုကြောင့် နတ်ပြည်ရောက်ပြီး အဲဒီနတ်ဘဝမှာပင် တရားနာရ၊ တရားနှလုံးသွင်းရတဲ့အတွက် တရားထူးရသွားကြတာတွေကို ထောက်ဆကြည့်ရင် သံသရာရှည်တယ်လို့ မဆိုသင့်ပါဘူး။

ပုံစံထုတ်ပြရရင်- သိကြားမင်းအလောင်းဖြစ်တဲ့ မာဃလုလင်ဟာ လူချမ်းသာ နတ်ချမ်းသာကို တောင့်တပြီး ကုသိုလ်တွေပြုလာခဲ့တယ်။ အဲဒီတုန်းက ဘုရားတရားတော်ကိုလည်း ကြားဖူးဟန်မရှိပါဘူး၊ နိဗ္ဗာန်အကြောင်းလည်း သိဟန်မတူပါဘူး၊ အဲဒီဝတ္ထုကြောင်းထဲမှာ နိဗ္ဗာန်ကို ဆုတောင်းကြောင်းလည်း အရိပ်အမြွက်မျှတောင် မပါပါဘူး၊ ဒါပေမယ့် သူပြုခဲ့တဲ့ကောင်းမှုများကြောင့် သိကြားမင်းဖြစ်ရတယ်၊ နောက်



မြတ်စွာဘုရားထံမှာ သက္ကပဉှသုတ်တရားကို နာကြားပြီး သောတာပန်ဖြစ်ရကြောင်း အလွန်ထင်ရှားပါတယ်။

**ဆောင်ပုဒ် ► ကောင်းတဲ့အမှုကို ပြုမှုလျှင်**
**ကောင်းတာဖြစ်မည်ပင်၊**
**ကောင်းတာကိုပင် ဖြစ်လိုက၊**
**ကောင်းတဲ့အမှုကို ပြုမှုကြ။**

ဒါကြောင့် လောကီချမ်းသာကို တောင့်တပြီး ဒါနမပြုကောင်းဘူးလို့ မတားမြစ်သင့်ပါဘူး။ ဘုရားကိုယ်တော်တိုင်ကလည်း အဲဒီလို တားမြစ်တာ မရှိပါဘူး။ ဒါကြောင့် ဘယ်လိုချမ်းသာကိုပဲ တောင့်တ၍ဖြစ်စေ၊ ဘုရားရှင်ရဲ့ အဆုံးအမဩဝါဒတော်နဲ့အညီ ကုသိုလ်ဖြစ်စေနိုင်တဲ့ ဒါနဟူသမျှကို ပြည့်စုံအောင် ပြုလုပ်ကြရမယ်။

သီလကုသိုလ်တွေလည်း ပြည့်စုံအောင်

www.burmeseclassic.com

www.burmeseclassic.com



စောင့်ထိန်းကြရမယ်၊ ရဟန်းတော်များမှာဆိုရင် ရဟန်းတော်တို့ရဲ့ ပါတိမောက္ခသံဝရသီလ၊ လူများမှာတော့ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ စတဲ့ သီလများကို မိမိစွမ်းနိုင်သမျှ လုံခြုံအောင် စောင့်ရှောက်ထိန်းသိမ်းကြမယ်ဆိုရင် သီလကုသိုလ်တွေလည်း ပြည့်စုံနေမှာ ဖြစ်ပါတယ်။

သမာဓိကုသိုလ်ကတော့ ကသိုဏ်း (၁၀) ပါးထဲက ကသိုဏ်းအာရုံတစ်ခုခုကို စိတ်ကလေးတည်နေအောင် နှလုံးသွင်းနေရင် ဖြစ်စေ၊ အနုဿတိ (၁၀) ပါးထဲက ဘုရားရှင်ရဲ့ဂုဏ်တော် တစ်ပါးပါးကို စိတ်ကလေးတည်နေအောင် နှလုံးသွင်း အားထုတ်နေရင်ဖြစ်စေ သမာဓိကုသိုလ်တွေ ဖြစ်နေတာပါဘဲ။

## ဝိပဿနာကုသိုလ်

ဝိပဿနာကုသိုလ်ကတော့ ဒွါရ ၆ ပါးက ထင်ရှားဖြစ်ပေါ်လာသမျှ ရုပ်နာမ်တွေကို ဖြစ်ဆဲ



ဖြစ်ဆဲမှာ အမှန်အတိုင်းသိအောင် ရှုမှတ်မှု သတိဖြင့် မပြတ် ရှုမှတ်လျက် ပွားများနေဖို့ပါဘဲ။

“ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိ” စသည်ဖြင့် ဟောထားတဲ့ မဟာသတိပဋ္ဌာနသုတ် ပါဠိတော်နှင့် အညီ သွားဆဲမှာသွားတယ်၊ ညာလှမ်းတယ်၊ ဘယ်လှမ်းတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်လို့ အရပ်သုံးစကားနဲ့ ရှုမှတ်နေဖို့ပါဘဲ။ ရပ်ဆဲ စသည်မှာလည်း ရပ်တယ်၊ ထိုင်ဆဲမှာ ထိုင်တယ်၊ လျောင်းဆဲမှာ လျောင်းတယ်၊ အိပ်ဆဲမှာ အိပ်တယ် စသည်ဖြင့် ရှုမှတ်နေရမယ်။

အလားတူ ကွေး၊ ဆန့်၊ လှုပ်ရှားဆဲမှာလည်း ကွေးတယ်၊ ဆန့်တယ်၊ လှုပ်တယ်လို့ အရပ်သုံးစကားနဲ့ ရှုမှတ်ရမယ်။ ရှုမှတ်ဖို့ကတော့ အလွန် လွယ်ကူပါတယ်။ စဉ်းစားနေစရာတောင် မလိုပါဘူး၊ မြင်လျှင် မြင်တယ်၊ ကြားလျှင်ကြားတယ်၊ ထိလျှင် ထိတယ်၊ သိလျှင်သိတယ်၊ ကြံလျှင်ကြံတယ်လို့ ရှုမှတ်နေဖို့ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



## သမာဓိမှသည် ဝိပဿနာဉာဏ်ဆီသို့

ဝိပဿနာဉာဏ်အစစ်ဖြစ်အောင် ရှုမှတ်ရာမှာ သမာဓိပြည့်စုံဖို့က သိပ်အရေးကြီးပါတယ်။ သမာဓိအားရှိတဲ့အခါကျမှ နာမ်နဲ့ရုပ်ကို ပိုင်းခြားသိတဲ့ဉာဏ်က စပြီးဖြစ်တယ်။

သမာဓိမဖြစ်သေးရင်တော့ နာမ်နဲ့ရုပ်ကို ကိုယ်တိုင် ပိုင်းခြားသိတဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်အစစ် မဖြစ်နိုင်သေးပါဘူး၊ ဖြစ်ခဲ့ရင်တောင် သုတမယဉာဏ်၊ စိန္တာမယဉာဏ်သာ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက သမာဓိဖြစ်အောင် အားထုတ်ဖို့ ဒီလို တိုက်တွန်းတော်မူပါတယ်။

**သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော၊ ဘိက္ခဝေ ယထာဘူတံ ပဇာနာတိ** လို့ ဟောတော်မူပါတယ်။

ဘိက္ခဝေ - ရဟန်းတို့၊ သမာဓိံ - စိတ်တည်ကြည်မှု သမာဓိကို၊ ဘာဝေထ - မိမိသန္တာန်မှာ



ဖြစ်ပွားစေကြကုန်လော့ တဲ့၊ သမာဓိဖြစ်အောင် အားထုတ်ဖို့ ဘုရားရှင်ကိုယ်တော်တိုင် တိုက်တွန်းတော်မူပါတယ်။ သမာဓိဖြစ်ပေါ်လာရင် သမာဓိ၏အစွမ်းဖြင့် အသိဉာဏ်အစစ် ဖြစ်ပုံကိုလည်း ဘိက္ခဝေ-ရဟန်းတို့၊ သမာဟိတော- စိတ်တည်ကြည်မှု သမာဓိ ရှိသော ပုဂ္ဂိုလ်သည်၊ ယထာဘူတံ- ရုပ်ကို ရုပ်အတိုင်း၊ နာမ်ကို နာမ်အတိုင်း၊ အမှန်ကိုအမှန်အတိုင်း ဟုတ်တိုင်းမှန်စွာ၊ ပဇာနာတိ- သိ၏။ သမာဓိဖြစ်ပြီ ဆိုရင် သမာဓိကိုမှီပြီး ဝိပဿနာဉာဏ်အစစ်တွေ ဖြစ်တော့တာဘဲ။

ဥပမာ ဘုန်းကြီးတို့ ညွှန်ကြားတဲ့အတိုင်း ဒွါရ ၆ ပါးက ဖြစ်ဆဲရုပ်နာမ်တရားတွေကို မပြတ် ရှုမှတ်နေပေမယ့် သမာဓိကောင်းကောင်းမဖြစ်သေးရင် ရုပ်နာမ်ကို ခွဲခြားသိတဲ့ အခြေခံဝိပဿနာဉာဏ်တောင် မဖြစ်နိုင်သေးပါဘူး၊ အဖြစ်အပျက် အနိစ္စ ဒုက္ခ စသည်ကို အမှန်အတိုင်းသိဖို့ဆိုတာကတော့ တော်တော်ဝေးပါသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



## နာမရူပပရိစ္ဆေဒဉာဏ်

ဖောင်းတယ် ပိန်တယ် စသည်ဖြင့် ရှုမှတ်နေရင်း အာရုံနဲ့ မှတ်စိတ်ဟာ အတွဲလိုက် အတွဲလိုက် ချိန်သားကိုက်ပြီး မှတ်စိတ်ချည်း တစဉ်တတန်းထဲ စင်ကြယ်နေတဲ့အခါမှာ ရှုမှတ်တိုင်း ရှုမှတ်တိုင်း သိစရာရုပ်ကတခြား၊ ရှုသိတာကတခြားလို့ ကွဲပြားပြီး သိလာတယ်။ တမင်ကြံတွေးယူရတာ မဟုတ်ပါဘူး၊ ရှုမှတ်နေရင်း သူ့အလိုလို အသိရှင်းလာတာ (သမာဟိတော ယထာဘူတံ ပဇာနာတိဆိုတဲ့) ဒေသနာတော်နှင့်အညီ နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်လာတာပဲ။ အဲဒီလို အသိဉာဏ်ဟာ ဖြစ်ဆဲရုပ်နာမ်ကို မရှုပဲနဲ့ မဖြစ်နိုင်ပါဘူး၊ စေ့စေ့စပ်စပ် ရိုရိုသေသေကို ရှုမှတ်အားထုတ်ပါမှ ဖြစ်နိုင်ပါတယ်။

## ပစ္စယပရိဂ္ဂဟဉာဏ်

အဲဒီကနောက် သမာဓိအားတွေ တဆင့်ပြီး တဆင့် တိုးတက်လာတဲ့အခါမှာ ကွေးချင် ဆန့်ချင်တဲ့



စိတ်ကြောင့် ကွေးတယ် ဆန့်တယ်၊ သွားချင်တဲ့စိတ်ကြောင့် သွားတယ်၊ လှုပ်ချင်တဲ့စိတ်ကြောင့် လှုပ်တယ်၊ မြင်စရာရှိလို့ မြင်တယ်၊ ကြားစရာရှိလို့ ကြားတယ်၊ သိစရာရှိလို့ သိတယ် စသည်ဖြင့် အကြောင်းနဲ့အကျိုးကိုလည်း ပိုင်းခြားပြီး သိလာတယ်။ အဲဒီလိုသိတာဟာ သမာဓိကြောင့်ဖြစ်တဲ့ ပစ္စယပရိဂ္ဂဟဉာဏ်၊ အဲဒီ အသိဉာဏ်ကလည်း မရှုတဲ့သူမှာ မဖြစ်ဘူး၊ စူးစူးစိုက်စိုက်ရှုတဲ့သူမှာသာ ဖြစ်ပါတယ်။

## သမ္မသနဉာဏ်

အဲဒီထက် သမာဓိအားတွေ တိုးတက် ထက်သန်လာတဲ့အခါမှာ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ရှုမှတ်ရတဲ့ သဘော၏ အစနဲ့အဆုံး၊ အဖြစ်နဲ့အပျက်ကို တွေ့ရတယ်။ အဲဒီအခါ အနိစ္စ - ဒုက္ခ - အနတ္တ စသည်ဖြင့် သုံးသပ်ဆင်ခြင်တဲ့ သမ္မသနဉာဏ် ဖြစ်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ဥဒယဗ္ဗယဉာဏ်

ဒီထက် သမာဓိတရားတွေ အားကောင်းလာတဲ့အခါ ခြေတစ်လှမ်းအတွင်း ဖြစ်စေ၊ တဖောင်းတပိန်အတွင်းမှာဖြစ်စေ၊ တကွေးတဆန့်အတွင်းမှာပင် ဖြစ်စေ အဖြစ်အပျက်တွေဟာ မရေမတွက်နိုင်အောင် အကြိမ်ပေါင်းများစွာ တွေ့ရတယ်။

အဲဒီတော့မှ အနိစ္စ ဒုက္ခ အနတ္တတရားတို့ရဲ့ သဘောမှန်ကို သာပြီးရှင်းလင်းစွာ သိလာရတယ်။

ဘယ်လိုသိလာလဲဆိုတော့ ရှုမှတ်ရတဲ့ ရုပ်နာမ်အာရုံကလေးတွေရဲ့ အစဖြစ်လာမှုနဲ့ အဆုံး ပျက်သွားမှုကို တိကနဲ တိကနဲ ပိုင်းပိုင်းခြားခြား သိလာတယ်။ အဲဒါ ဥဒယဗ္ဗယဉာဏ်ပါပဲ။ ဒီလို အမှန်အတိုင်းသိခြင်းဟာ (သမာဟိတော ယထာ ဘူတံ ပဇာနာတိ ဆိုတဲ့) ဒေသနာတော်နှင့်အညီ သိတာပါပဲ။ ဒီဥဒယဗ္ဗယဉာဏ်ဖြစ်တဲ့အခါမှာ အလင်းရောင်တွေလည်း ပေါ်လာတယ်၊ နှစ်သိမ့်အားရမှု ပီတိတွေလည်း အကြီး



အကျယ်ဖြစ်တတ်တယ်။ ကိုယ်စိတ်၏ ငြိမ်းအေးမှု ပဿဒ္ဓိဆိုတာကလည်း အထင်အရှား ဖြစ်ပေါ်လာတတ်ပါတယ်။ ကြည်လင်မှု၊ ယုံကြည်မှု၊ ကြည်ညိုမှု သဒ္ဓါတရားတွေကလည်း အလွန်အကဲ ပေါ်လာတတ်တယ်။ ပေါ်လာသမျှအာရုံတိုင်းကို မမှတ်နိုင်တာမသိတာရယ်လို့ မရှိတော့ဘူးလို့ ထင်ရလောက်အောင် သတိတွေ ဉာဏ်တွေကလည်း အလွန် ကောင်းနေတတ်ပါတယ်။ အဲဒီလို အခါမှာ သိပ်ကို ဝမ်းသာအားရဖြစ်နေတတ်ပါတယ်။ အဲဒါတွေက ဥဒယဗ္ဗယဉာဏ်မှာ တွေ့ရတဲ့ တရားအရသာထူးတွေပါပဲ။ ယောဂီကတော့ အဲဒါတွေကို နိဗ္ဗာန်မဂ်ဖိုလ် တရားထူးရပြီလို့တောင် ထင်နေတတ်ပါသေးတယ်။

## ဘင်္ဂဉာဏ်

အဲဒါတွေကို ရှုမှတ်ပြီး ပယ်သွားရပါတယ်၊ အဲဒါတွေ လွန်မြောက်သွားတော့ ရှုတိုင်း မှတ်တိုင်း

www.burmeseclassic.com

www.burmeseclassic.com



ကုန်ကုန်သွားတာ ပျောက်ပျောက်သွားတာကိုသာ တွေ့နေရပါတယ်။ ဖောင်းတယ်လို့ မှတ်လိုက်ရင် ဗိုက်ပုံသဏ္ဍာန်ကလည်း မထင်တော့ဘူး၊ ကိုယ်ပုံသဏ္ဍာန်လည်း မထင်တော့ဘူး၊ တရိပ်ရိပ်နဲ့ ပျောက်ပျောက်သွားတာကိုပဲ တွေ့ရတယ်။ ပိန်တယ်လို့မှတ်လိုက်ရင်လည်း ဒီအတိုင်းပဲ တရိပ်ရိပ်နဲ့ ပျောက်ပျောက်သွားတာကို တွေ့ရတယ်။ မှတ်ရတဲ့အာရုံတင် မဟုတ်သေးဘူး၊ မှတ်သိတဲ့စိတ်ကရော အတွဲလိုက် အတွဲလိုက် သိသိပြီး ပျောက်ပျောက်သွားတာကို တွေ့ရတယ်၊ ဘယ်ဟာကိုပဲ မှတ်မှတ် အာရုံရော မှတ်သိတဲ့စိတ်ကလေးရော ရှေ့ဆင့်နောက်ဆင့် ပျောက်ပျောက်သွားတာကိုသာ တွေ့နေရတယ်။ စကြႍလျှောက်နေရာမှာလည်း ကြွတယ်၊ လှမ်းတယ်၊ ချတယ်လို့မှတ်တိုင်းမှတ်တိုင်း တရိပ်ရိပ်နဲ့ ရွေ့ရွေ့ပြီး ပျောက်သွားတာကိုသာ တွေ့နေရတယ်။ ခြေပုံသဏ္ဍာန် ဘာမှ မထင်တော့ဘူး၊ အဲဒါဟာ ဘင်္ဂဉာဏ်ပါပဲ။



## ဉာဏ်အဆင့်ဆင့်မှသည် နိဗ္ဗာန်ဆီသို့

အဲဒီ ဘင်္ဂဉာဏ်က အပျက်တွေချည်း တွေ့နေရတော့ ကြောက်စရာကောင်းတယ်လို့ ထင်လာတယ်၊ ဒါ ဘယဉာဏ်ပါပဲ၊ ကြောက်စရာထင်တော့ အပြစ်မြင်လာပြန်တယ်။ ဒါ အာဒီနဝဉာဏ်ပါပဲ၊ အပြစ်မြင်တော့ မပျော်နိုင်တော့ဘူး၊ ငြီးငွေ့လာတယ်၊ နိဗ္ဗိဒါဉာဏ်ပဲ ငြီးငွေ့တော့ လွတ်မြောက်ချင်လာတယ်။ မုဉ္စိတုကမျတာဉာဏ်ပါပဲ၊ လွတ်မြောက်ချင်တော့ လွတ်မြောက်အောင် တဖန် အထူးရှုရပြန်တယ်၊ ပဋိသင်္ခါဉာဏ်ပါပဲ။ အဲဒီ ပဋိသင်္ခါဉာဏ်နဲ့ရှုလို့ အနိစ္စ ဒုက္ခ အနတ္တသဘောတွေကို ပိုင်ပိုင်ကြီးသိမြင်လာတော့ သင်္ခါရုပေက္ခာဉာဏ်ဖြစ်လာတယ်။ ဒီဉာဏ်ကတော့ အလွန်သိမ်မွေ့ပါတယ်၊ အလွန်လည်း ကောင်းပါတယ်။ ကြောင့်ကြမစိုက်ရပဲနဲ့ ရှုစရာအာရုံတွေက ထင်ရှားပေါ်နေတယ်၊ ရှုသိမှုကလည်း သူ့အလိုလိုပဲ တစ်စဉ် တစ်တန်းတည်း ကြာရှည်စွာ ဖြစ်နေပါတယ်။ အဲဒီ သင်္ခါရုပေက္ခာဉာဏ်

www.burmeseclassic.com

www.burmeseclassic.com



ရင့်သန်အားပြည့်လာတဲ့ အခါကျတော့ အနုလောမ ဝိပဿနာဉာဏ် ဖြစ်ပြီးတော့ ဂေါတြဘူဉာဏ်နှင့် တကွ အရိယမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြု သွားတော့တာပဲ။

ယခုပြောခဲ့တဲ့ သမာဓိဉာဏ်နှစ်ပါးထဲက ဈာန်သမာဓိနဲ့ ဝိပဿနာသမာဓိဆိုတာတွေက (ကုသလ ဿ ဥပသမ္ပဒါ-ကုသိုလ်ဟူသမျှ ပြည့်စုံစေရမယ်လို့) ဆိုတဲ့ အဆုံးအမ ဩဝါဒတော်နှင့်အညီ ဖြစ်စေရ၊ ပြည့်စုံစေရမည့် သမာဓိကုသိုလ်ပါဘဲ။ နာမရူပ ပရိစ္ဆေဉာဏ်မှစ၍ သင်္ခါရုပေက္ခာဉာဏ် အနုလောမ ဉာဏ်တိုင်အောင် ဝိပဿနာဉာဏ်တွေဟာလည်း ဖြစ်ပွားစေရ၊ ပြည့်စုံစေရမည့် ဝိပဿနာ ကုသိုလ်တွေ ပါဘဲ။

အဲဒီကနောက် အရိယာမဂ်ဆိုတာကလည်း ဖြစ်ပွားစေရ၊ ပြည့်စုံစေရမည့် မဂ်ကုသိုလ်ပါဘဲ၊ အဲဒီ မဂ်ကတော့ တစ်ကြိမ်တည်းသာ ဖြစ်တယ်၊ တစ်ကြိမ်



တည်း ဖြစ်ရုံမျှဖြင့် ပယ်သင့်တဲ့ ကိလေသာတွေကို အကြွင်းမဲ့ ပယ်သွားတယ်၊ ဒါကြောင့် ကင်းသင့်တဲ့ ကိလေသာတွေ အကုန်ကင်းငြိမ်းသွားတယ်။

## သောတာပတ္တိမဂ်ဉာဏ်

ဝိပဿနာကုသိုလ်တွေကတော့ အရိယာမဂ်ကို ဖြစ်စေနိုင်လောက်အောင် အင်အားမပြည့်သေးမချင်း အကြိမ်များစွာ ဖြစ်ပွားရတယ်၊ တချို့ပုဂ္ဂိုလ်မှာဆိုရင် သိန်းသန်းမက အကြိမ်များစွာ ဖြစ်ပွားရတယ်၊ အားပြည့်တဲ့အခါကျတော့မှ သင်္ခါရုပေက္ခာဉာဏ်က အနုလောမဉာဏ်ကို ဖြစ်စေတယ်၊ အနုလောမဉာဏ်က ဂေါတြဘူဉာဏ်နှင့် မဂ်ဉာဏ်ကို ဖြစ်စေတယ်၊ ပထမအကြိမ်မှာ သောတာပတ္တိမဂ်ဉာဏ်ကို ဖြစ်စေတယ်၊ အဲဒီ သောတာပတ္တိမဂ်ဉာဏ်ကြောင့် အပါယ်လားကြောင်းဖြစ်တဲ့ သက္ကာယဒိဋ္ဌိစသော ကိလေသာတွေ ဖြစ်ခွင့်မရှိတော့ပဲ လုံးဝကင်းငြိမ်းသွားတယ်၊ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



သောတာပတ္တိမဂ်က အခြားမဲ့၌ သောတာပတ္တိဖိုလ်ကို ဖြစ်စေတယ်၊ အဲဒီအချိန်ကစပြီး သောတာပန်ပုဂ္ဂိုလ် ဖြစ်သွားတယ်။

## သကဒါဂါမိမဂ်ဉာဏ်

သောတာပန်ဖြစ်ပြီးတော့ မပယ်သေးတဲ့ ကိလေသာတွေကို ပယ်နိုင်အောင် မရသေးတဲ့ မဂ်ဖိုလ် တရားထူးတွေကို ရအောင် ဥဒယဗ္ဗယဉာဏ်စသော ဝိပဿနာကုသိုလ်ကို ဆက်လက်ပြီး ရှုပွားစေရတယ်၊ ဝိပဿနာဉာဏ် ရင့်သန်ပြည့်စုံတဲ့အခါကျတော့ သကဒါဂါမိမဂ်ဉာဏ်ကိုရတယ်၊ အဲဒီမဂ်က သကဒါဂါမိဖိုလ်ကို ဖြစ်စေတယ်။ အဲဒီအခါကျတော့ သကဒါဂါမ်ပုဂ္ဂိုလ် ဖြစ်သွားတယ်၊ သကဒါဂါမ်ပုဂ္ဂိုလ်မှာ ကြမ်းတမ်းတဲ့ ကာမရာဂနဲ့ ဗျာပါဒတို့ ကင်းငြိမ်း သွားတယ်။

## အနာဂါမိမဂ်ဉာဏ်

သကဒါဂါမ်ကလည်း မပယ်ရသေးတဲ့ ကိလေ



သာတွေကို ပယ်နိုင်အောင် မရသေးတဲ့မဂ်ဖိုလ် တရားထူးကိုရအောင် ဥဒယဗ္ဗယဉာဏ်စသော ဝိပဿနာကုသိုလ်ကို ဆက်လက်ပြီး ရှုပွားစေရတယ်။ ဝိပဿနာဉာဏ် ရင့်သန်ပြည့်စုံတဲ့အခါကျတော့ အနာဂါမိမဂ်ဉာဏ်ကို ရတယ်၊ အဲဒီမဂ်က အနာဂါမိဖိုလ်ကို ဖြစ်စေတယ်၊ အဲဒီအခါ အနာဂါမ်ပုဂ္ဂိုလ် ဖြစ်တယ်၊ အနာဂါမ်ပုဂ္ဂိုလ်မှာ ကာမရာဂနဲ့ ဗျာပါဒဆိုတဲ့ ကိလေသာတွေဟာ ဖြစ်ခွင့်မရှိတော့ပဲ လုံးဝ ကင်းငြိမ်းတယ်။

## အရဟတ္တမဂ်ဉာဏ်

အနာဂါမ်ကလည်း မပယ်ရသေးတဲ့ ကိလေသာတွေကို ပယ်နိုင်အောင် မရသေးတဲ့ မဂ်ဖိုလ်တရားထူးကိုရအောင် ဥဒယဗ္ဗယဉာဏ်စတဲ့ ဝိပဿနာကုသိုလ်ကို ဆက်လက်ဖြစ်ပွားစေရတယ်။ ဝိပဿနာဉာဏ် ရင့်သန်ပြည့်စုံတဲ့အခါကျတော့ ဝိပဿနာဉာဏ်က အရဟတ္တမဂ်ဉာဏ်ကို ဖြစ်စေတယ်၊ အဲဒီအရဟတ္တ

www.burmeseclassic.com

www.burmeseclassic.com



မဂ်ဉာဏ်ကြောင့် ကိလေသာဟူသမျှ ဖြစ်ခွင့်မရှိတော့ဘဲ လုံးဝ ကင်းငြိမ်းသွားတယ်၊ အဲဒီအရဟတ္တမဂ်က အရဟတ္တဖိုလ်ကိုလဲ ဖြစ်စေတယ်၊ အဲဒီအခါမှာတော့ ရဟန္တာပုဂ္ဂိုလ်ကြီး ဖြစ်သွားတယ်။

## ကုသိုလ်ဟူသမျှ ပြည့်စုံကြ

ယခုပြောတဲ့ ဝိပဿနာဉာဏ်အဆင့်ဆင့်တွေဟာ (ကုသလဿ ဥပသမ္ပဒါ-ကုသိုလ်ဟူသမျှ ပြည့်စုံစေရမယ်လို့) ဟောကြားတော်မူထားတဲ့ အဆုံးအမ ဩဝါဒတော်နှင့်အညီ ဖြစ်ပွားစေရ ပြည့်စုံစေရမည့် ဝိပဿနာကုသိုလ်၊ အရိယမဂ်ကုသိုလ်တွေပါဘဲ။

ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမာဓိကုသိုလ်၊ ဝိပဿနာကုသိုလ်၊ အရိယမဂ်ကုသိုလ်ဆိုတဲ့ ကုသိုလ်တရားတွေ မိမိတို့ရဲ့သန္တာန်မှာ ပြည့်စုံအောင် ပြုလုပ်ပွားများ အားထုတ်သွားမယ်ဆိုပါရင် ဘုရားရှင်တို့ရဲ့ အဆုံးအမဖြစ်တဲ့ ကုသလဿ-ကုသိုလ်ဟူသမျှတွေ



ကို၊ ဥပသမ္ပဒါ-ပြည့်စုံစေခြင်းလည်းကောင်းဆိုတဲ့ အဆုံးအမ ဩဝါဒတော်နဲ့ညီညွတ် ပြည့်စုံသွားတော့တာပါဘဲ။

* **ကိုယ်နှုတ်နှလုံး အကောင်းဆုံး၊**
  **ပေါင်းရုံးကုသိုလ်ပြုရမည်။**
* **စတုတ္ထအောင်ပန်း မဂ်ဖိုလ်လမ်း၊**
  **ဆင်မြန်းနိုင်အောင် ကျင့်ရမည်။**

## တတိယဩဝါဒ
## "စိတ်ဟူသမျှ ဖြူစင်ကြ"

သစိတ္တ ပရိယောဒပနံ-မိမိစိတ်ကို ဖြူစင်စေခြင်းလည်းကောင်း၊ မိမိစိတ်ကို ဖြူစင်စေရမယ်ဆိုတဲ့ အဆုံးအမအရ၊ ဖြူစင်လိုတဲ့ပုဂ္ဂိုလ်ဟာ မဟာသတိပဋ္ဌာန်တရားကို ပွားများအားထုတ်ဖို့ပါဘဲ။ ဘယ်လို အားထုတ်ရမလဲဆိုတော့ ဒွါရ ၆ ပါးက ပေါ်လာသမျှ ရုပ်နာမ်အာရုံတွေကို မပြတ်ရှုမှတ်နေရမှာ ဖြစ်ပါ

www.burmeseclassic.com



တယ်။ ဖြစ်ပေါ်တိုင်းသော ရုပ်နာမ် အာရုံတွေကို မလွတ်စတမ်း အမြဲမပြတ်ရှုမှတ်နေတဲ့အခါ ရှုမှတ်နေတဲ့စိတ်နဲ့ ရှုမှတ်စရာအာရုံတွေဟာ တစဉ်တတန်းထဲဖြစ်ပြီးတော့ ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာဆိုတဲ့ စိတ်ကို ညစ်နွမ်းစေတဲ့ နီဝရဏတရားဆိုးတွေ ဝင်ခွင့်မရဘဲ မိမိစိတ်ဟာ ရှုမှတ်နေဆဲမှာ စင်ကြယ်သန့်ရှင်း နေပါလိမ့်မယ်။ မိမိစိတ်ကို လုံးဝအပြည့်အစုံ ဖြူစင်စေချင်တယ်ဆိုရင်တော့ အရဟတ္တမဂ် အရဟတ္တ ဖိုလ်ရောက်အောင် အပြည့်အစုံ ကြိုးစားအားထုတ်ရပါမယ်။ ကြိုးစားအားထုတ်လို့ ရုပ်နာမ်အဖြစ်အပျက်၊ အနိစ္စဒုက္ခ အနတ္တသဘောမှစပြီး ဝိပဿနာဉာဏ်တွေ ရင့်ကျက်ပြည့်စုံကာ မဂ်အဆင့်ဆင့် ဖိုလ်အဆင့်ဆင့်ဆိုက်ရောက်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုရပြီဆိုရင် ကိလေသာအညစ်အကြေးတွေ လုံးဝစင်ကြယ်ပြီး မိမိစိတ်ဟာ ခရုသင်းပွတ်သစ်ကဲ့သို့ အစဉ်ထာဝရ



ဖြူစင်ဝင်းသစ်ပြီး စင်ကြယ်နေပါလိမ့်မယ်။

**ဆောင်ပုဒ်** ▶ **ကိလေသာချေး စိတ်ညစ်ကြေး၊**
**ဖြူဖွေးအောင်သာပြုရမည်။**
**ဖြူဖွေးလိုလျှင် အလုပ်ခွင်၊**
**လျှင်လျှင်မြန်မြန်ဝင်ရမည်။**

**တော်** - ဤသုံးပါးသည်၊ **ဗုဒ္ဓါနံ**-ဘုရားရှင်တို့၏၊ **သာသနံ**-အဆုံးအမဩဝါဒ ဖြစ်တော်မူပါပေသတည်း။

**ဆောင်ပုဒ်** ▶ **မကောင်းမှုများ ရှောင်ရှားပယ်လေ၊**
**ကုသိုလ်တရား ဖြစ်ပွားစုံစေ၊**
**မိမိစိတ်ဓာတ် ဆွတ်ဆွတ်ဖြူစေ၊**
**ဤသုံးပါး ဘုရားဆုံးမပေ။**

**တတိယဂါထာ**

**အနုပဝါဒေါ အနုပဃာတော၊**
**ပါတိမောက္ခေစ သံဝရော။**

www.burmeseclassic.com

www.burmeseclassic.com



**မဂ္ဂညုတာစ ဘဂ္ဂသို၊**

**ပန္တဲ့သယနာသနံ။**

**အဓိစိတ္တေစ အာယောဂေါ၊**

**ဧတံ ဗုဒ္ဓါန သာသနံ။**

အနုပဝါဒေါ-သူတစ်ပါးကို မစွပ်စွဲ မကဲ့ရဲ့ခြင်းသည်လည်းကောင်း၊ အနုပဃာတော-သူတစ်ပါးကို မညှင်းဆဲရခြင်းသည်လည်းကောင်း၊ ပါတိမောက္ခ-ပါတိမောက်ခေါ် ကိုယ်ကျင့်သီလ၌၊ သံဝရောစ-အကုသိုလ်မဖြစ်ရအောင် ပိတ်ဆို့ခြင်း စောင့်ရှောက်ခြင်းသည်လည်းကောင်း၊ ဘတ္တသ္မိံ-ဆွမ်းဘောဇဉ်၌၊ မတ္တညုတာစ-အတိုင်းအရှည်ကို သိခြင်းသည် လည်းကောင်း၊ ပန္တံ-ဆိတ်ငြိမ်သော၊ သယနာ သနဥ္စ-ကျောင်းအိပ်ရာနေရာသို့ ကပ်ခြင်းသည်လည်းကောင်း၊ အဓိစိတ္တေ-စိတ်ကို အစိုးရခြင်းတည်းဟူသော သမာဓိ၌၊ အာယောဂေါစ-လုံ့လပြုခြင်းသည် လည်းကောင်း၊ အတ္ထိ-ရှိ၏၊ ဧတံ-ဤ ၆ ပါးသည်၊ ဗုဒ္ဓါနံ-ဘုရားရှင်တို့



၏၊ သာသနံ-အဆုံးအမဩဝါဒ အစစ်အမှန်ပင် ဖြစ်ပါပေသတည်း။

## စွပ်စွဲခြင်း၊ ညှဉ်းဆဲခြင်းကင်းစေရမည်

အနုပဝါဒေါ-သူတစ်ပါးကို မစွပ်စွဲ မကဲ့ရဲ့ခြင်းသည်လည်းကောင်း၊ သူတစ်ပါးကို မစွပ်စွဲ မကဲ့ရဲ့ပါနဲ့လို့ဆိုတဲ့ အဆုံးအမ ဩဝါဒကို ဘုရားရှင်တို့ ပေးတော်မူခဲ့ပါတယ်။ သူတစ်ပါးကို စွပ်စွဲကဲ့ရဲ့ရင် ဘာအကျိုးရှိမလဲ၊ ဘာအကျိုးမှမရှိဘူး၊ အကျိုးယုတ်ဖို့သာ ရှိပါတယ်။ ဒါကြောင့် မိမိနဲ့အတူနေ သမဂ္ဂသီတင်းသုံးဖော်တွေအပေါ်မှာ တစ်စုံတစ်ရာ ချွတ်ယွင်းတဲ့အပြစ်မြင်ခဲ့လျှင်တောင်မှာ သူ့ဂုဏ် သူ့သိက္ခာ ညှိုးငယ်သွားအောင် စွပ်စွဲပြောဆိုခြင်း၊ ကဲ့ရဲ့ပြစ်တင်ပြောဆိုခြင်း မပြုမိအောင် ရှောင်ကြဉ်ဖို့ လိုပါတယ်။ သူ့မှာ ဘာအပြစ်မှမရှိပါဘဲနဲ့ အပြစ်ရှိသရှောင်ရောင်လိမ်လည်ပြီး စွပ်စွဲခြင်းမှ ကင်းရှင်းဖို့ရာကတော့

www.burmeseclassic.com



အထူးပြောစရာတောင် မလိုပါဘူး၊ တကယ်ကို ကင်းဖို့လိုအပ်ပါတယ်။

နောက်ပြီးတော့ အနုပယာတော-သူတစ်ပါးကို မညှဉ်းဆဲရခြင်းသည်လည်းကောင်း၊ သူတစ်ပါးကို မညှဉ်းဆဲပါနဲ့တဲ့၊ ဟုတ်တယ် သူတစ်ပါးကို ကိုယ်ဆင်းရဲ စိတ်ဆင်းရဲအောင် ညှဉ်းဆဲတယ်ဆိုတာ သူတော်ကောင်းတို့ အလုပ်မဟုတ်ပါဘူး၊ ရှောင်ကြဉ်ရမယ့်အလုပ်ပါ။ သူတစ်ပါးဆင်းရဲအောင် ညှဉ်းဆဲရင် ကိုယ့်ကာယကံ ကိုယ့်ထံပြန်ဆိုတဲ့အတိုင်း ကိုယ်လည်း အညှဉ်းဆဲခံရမှာပဲ၊ နောက်ဆုံးတစ်နေ့ အပါယ်ဆင်းရဲ ထိခံရမှာ သေချာပါတယ်။ ဒါကြောင့် သူတစ်ပါးတွေကို ဆင်းရဲအောင် မညှဉ်းဆဲပါနဲ့၊ ရှောင်ပါ။

**ဆောင်ပုဒ် ► သူ့ကိုစွပ်စွဲ ညှဉ်းဆဲကင်းစေ။**

## ကိုယ့်ကျင့်သီလ၌ လုံးဝလုံရမည်

ပါတိမောက္ခ-ပါတိမောက်ခေါ် သီလတော်၌၊



သံဝရော-အကုသိုလ်မဖြစ်ရအောင် ပိတ်ဆို့ခြင်း စောင့်ရှောက်ခြင်းလည်းကောင်း။

ပါတိမောက္ခဆိုတဲ့ပုဒ်ထဲက ပါတိဆိုတာက စောင့်ရှောက်သူကိုလို့ အဓိပ္ပာယ်ရတယ်။ မောက္ခဆိုတာက လွတ်စေတယ်လို့ အဓိပ္ပာယ်ရတယ်။ ဒါကြောင့် ပါတိမောက္ခဆိုတာ စောင့်ရှောက်သူကို လွတ်စေတယ်လို့ အဓိပ္ပာယ်ရတယ်။

ဘာကို စောင့်ရှောက်သူလဲ၊ ဘယ်မှ လွတ်စေတာလဲဆိုတော့ သီလကို မကျိုးမပေါက် မကြောင် မကြားအောင် ရိုရိုသေသေ စောင့်ရှောက်သူကို အပါယ်ဆင်းရဲမှ လွတ်စေတယ်လို့ အဓိပ္ပာယ်ရတယ်။ လူများမှာ ငါးပါးသီလကို ရိုရိုသေသေ စောင့်ရှောက်နေရင် သေသည်၏ အခြားမဲ့၌ အပါယ်လေးပါးမှ လွတ်စေပြီးတော့ သုဂတိဘုံဘဝသို့ ရောက်စေတော်မူပါတယ်။

ဒါကြောင့် လူများမှာ ငါးပါးသီလဟာ ပါတိ

www.burmeseclassic.com

www.burmeseclassic.com



မောက်သီလပါပဲ။

ရဟန်းများမှာတော့ ၂၂၇သွယ်သော သိက္ခာပုဒ်ဆိုင်ရာ သီလများဟာ ပါတိမောက်သီလပါပဲ၊ အဲဒီပါတိမောက္ခသံဝရသီလသိက္ခာများကို လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းအားဖြင့် အပါယ်ဆင်းရဲမှ လွတ်မြောက်မှာဖြစ်ပါတယ်။

**ဆောင်ပုဒ် - ကိုယ်ကျင့်သီလ လုံးဝလုံစေ။**

## အစာစားရာ၌ တိုင်းရှည်သိရမည်

ဘတ္တသ္မိံ-ဆွမ်းဘောဇဉ်၌၊ မတ္တညုတာစ-အတိုင်းအရှည်ကို သိခြင်းသည်လည်းကောင်း၊

သဒ္ဓါတရားနဲ့ ပြည့်စုံကြတဲ့ ဒါယကာ ဒါယိကာမများ လှူဒါန်းတဲ့ဆွမ်းကို ဘုဉ်းပေးတဲ့အခါ အတိုင်းအရှည်ကိုသိပြီး မှီဝဲရမယ်လို့ ဆိုပါတယ်။ မှီဝဲသုံးဆောင်တဲ့အခါ ဤရုပ်ကိုယ်ကြီး တည်မြဲ တည်နေအောင် ဘုဉ်းပေးသုံးဆောင်ရတယ်၊ ဆာလောင်ခြင်း ဆင်းရဲငြိမ်းအောင် ဘုဉ်းပေးသုံးဆောင်ရတယ်၊ သီလသိက္ခာ သီလအကျင့်၊ သမာဓိသိက္ခာ သမာဓိ



အကျင့်၊ ပညာသိက္ခာ ပညာအကျင့်ဆိုတဲ့ အကျင့်မြတ်တရားတွေ မိမိသန္တာန်မှာ တည်အောင် ကျင့်နိုင်အောင် ဘုဉ်းပေးသုံးဆောင်ရတယ်စသည်ဖြင့် ဆင်ခြင်ပြီး ဘုဉ်းပေးသုံးဆောင်ဖို့ပါဘဲ။

ပစ္စည်းလေးပါး ခံယူတဲ့အခါမှာလည်း သင့်တော်လောက်ရုံမျှ ခံယူဖို့ကိုလည်း အဆုံးအမပေးတော်မူခဲ့ပါတယ်။

**ဆောင်ပုဒ် ▶ အစာ၌လည်း သိမြဲတိုင်းရှည်။**

## ဆိတ်ငြိမ်ရာ၌ ချဉ်းကပ်ရမည်

ပန္တံ-ဆိတ်ငြိမ်သော၊ သယနာသနဉ္စ-ကျောင်းအိပ်ရာနေရာသို့ ကပ်ခြင်းသည် လည်းကောင်း၊ ဆိတ်ငြိမ်ရာနေရာမှာ ချဉ်းကပ်နေရမယ်လို့ ဆိုလိုပါတယ်၊ ဆင်းရဲငြိမ်းကြောင်းအကျင့်ကောင်း အကျင့်မှန်ကို မိမိသန္တာန်မှာ တည်အောင် ကျင့်ကြံအားထုတ်မဲ့ ပုဂ္ဂိုလ်မှာ အသံတိတ်ဆိတ်ဖို့ အထူးလိုအပ်ပါတယ်။ အသံတိတ်ဆိတ်မှ တရားအားထုတ်ရာမှာ သမာဓိဖြစ်လွယ်မှာပါ၊ သမာဓိဖြစ်မှလဲ ဝိပဿနာဉာဏ်ထူး

www.burmeseclassic.com

www.burmeseclassic.com



မဂ်ဉာဏ်အထူးတွေဖြစ်ပြီး အပါယ်ဆင်းရဲမှ လွတ်မြောက်မှာဖြစ်ပါတယ်။ ဒါကြောင့် ဘုရားရှင်က လူသူကင်းဆိတ်တဲ့ မြို့ရွာနဲ့ဝေးတဲ့ တောကျောင်းမှာ နေထိုင်ဘို့ အဆုံးအမပေးတော်မူခြင်းဖြစ်တယ်။

**ဆောင်ပုဒ် ▶ လူသူဆိတ်တောင်း တောကျောင်း မှာနေ**

## စိတ်တည်ကြည်ရေး၌ကြိုးပမ်းရမည်

အမိစိတ္တေ -စိတ်တည်ကြည်ရေး၌ အာယော ဂေါစ-အရိုးကြေကြေ အရေခမ်းခမ်း နောက်မဆုတ်တမ်း တကယ်တမ်းအားထုတ်ရခြင်းသည် လည်းကောင်း၊ အတ္ထိ-ရှိ၏။

သမထ ဘာဝနာ ဝိပဿနာ ဘာဝနာအလုပ် အားထုတ်တယ်ဆိုတာ စိတ်အလုပ်၊ စိတ်တည်ကြည်ဖို့ အလုပ်ပဲ၊ ဒါကြောင့် သမထပဲဖြစ်ဖြစ်၊ ဝိပဿနာပဲ ဖြစ်ဖြစ် အားထုတ်တော့မယ်ဆိုရင် သမာဓိဖြစ်ဖို့ သမာဓိ ရဖို့အတွက် ကိုယ်နဲ့အသက်ကို မငဲ့ကွက်ပဲ အရိုးမျှသာကျန်ပါစေ၊ အရေမျှသာကျန်ပါစေ၊



အကြောအမျှင်မျှသာ ကျန်ပါစေ၊ အသွေးအသားတွေ ခန်းချင်ခန်းခြောက် ပါစေဆိုတဲ့ စတုရင်္ဂဝီရိယဖြင့် နောက်မဆုတ်တမ်း တကယ်တမ်း ကြိုးစား အားထုတ်ဖို့အတွက် အထူးလိုက်နာရမည့် အဆုံးအမ ဖြစ်တယ်။

ဒီလိုအဆုံးအမအတိုင်း လိုက်နာပြီး ကြိုးစား အားထုတ် မယ်ဆိုရင် စိတ်တည်ကြည်မှု သမာဓိတွေ မြန်မြန် ဖြစ်ပြီး ရုပ်သဘော၊ နာမ်သဘော အဖြစ် အပျက်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊သဘောတွေသိလို့ ဝိပဿနာ ဉာဏ်တွေ ရင့်ကျက်ပြည့်စုံပြီဆိုရင် မဂ်အဆင့်ဆင့်၊ ဖိုလ်အဆင့်ဆင့် ဆိုက်ရောက်ပြီး ဆင်းရဲအားလုံး ကင်းဝေးရာဖြစ်တဲ့ ချမ်းသာအစစ်အမှန် မြတ်နိဗ္ဗာန်ကို အမြန်ဆိုက်ရောက်မှာ ဖြစ်ပါတယ်။ ဒါကြောင့် စိတ်တည်ကြည်မှု ရရှိရေးကို အပြင်းအထန် ကြိုးစား အားထုတ်ရမှာဖြစ်ပါတယ်။

**ဆောင်ပုဒ် ▶ စိတ်မြတ်လုပ်ငန်း ကြိုးပမ်းပါလေ။**

ဧတံ -ဤ ၆ပါးသည်၊ ဗုဒ္ဓါနံ -ဘုရားရှင်တို့၏၊ သာသနံ -အဆုံးအမ ဩဝါဒ အစစ်အမှန်ပင်ဖြစ်ပါပေသတည်း။

**ဆောင်ပုဒ် ▶ ဤ ၆ ပါး ဘုရားဆုံးမလေ။**

www.burmeseclassic.com

www.burmeseclassic.com



## နိဂုံးစကား

ယခု ယောဂီတို့ကို ဟောကြားခဲ့တဲ့ ဩဝါဒ ပါတိ မောက်ဒေသနာ သုံးဂါထာဟာ ဘုရားရှင်တိုင်း ထပ်ခါ ထပ်ခါ အကြိမ်များစွာ ဟောကြား-ညွှန်ပြ အဆုံးအမ ပေးတော်မူခဲ့တဲ့ အပါယ်ဆင်းရဲ လွတ် ကြောင်း အဆုံးအမကောင်းများဖြစ်ပါတယ်။ ဒီ အဆုံး အမ ဒေသနာတော်အတိုင်း မှတ်သား လိုက်နာပြီး ကျင့်သုံးပွားများ အားထုတ်ကြခြင်းအားဖြင့် အပါယ် ဆင်းရဲမှ လွတ်မြောက်ပြီး အရဟတ္တဖိုလ်ပေါက် ရဟန္တာ မထေရ်မြတ်ကြီး အဖြစ်ထိအောင် ရောက်ရှိ နိုင်ကြမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီဩဝါဒပါတိမောက် ဒေသနာဟာ အထူးလိုက်နာကျင့်သုံးထိုက်တဲ့ အဆုံး အမ တရားတော်ပါ။

ယခု အဲဒီတရားတော်ကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဒေသနာဉာဏ် တွေအခြေခံပြီး ဟောကြားလာခဲ့တာ ပြည့်စုံသွားပါပြီ။

BURMESE CLASSIC .com



အစအဆုံး ဆောင်ပုဒ်ကလေးများမှစ၍ ရွတ်ဆိုပြီး တရားသိမ်းကြပါမယ်။

(၁) သည်းခံကျင့်သုံး၊ အမြတ်ဆုံးပေ၊
နိဗ္ဗာန်မြတ်လှ ဗုဒ္ဓမိန့်ပေ၊
ရဟန်းမှန်လျှင် မညှဉ်းတတ်ပေ၊
(ရဟန်းမှန်လတ် မသတ်တတ်ပေ)
ညှဉ်းဆဲက သမဏမဟုတ်ချေ။

(၂) မကောင်းမှုများ ရှောင်ရှားပယ်လေ၊
ကုသိုလ်တရား ဖြစ်ပွားစုံစေ၊
မိမိစိတ်ဓာတ် ဆွတ်ဆွတ်ဖြူစေ၊
ဤသုံးပါး ဘုရားဆုံးမပေ။

(၃) သူ့ကိုစွပ်စွဲ ညှဉ်းဆဲကင်းစေ
ကိုယ်ကျင့်သီလ လုံးဝလုံစေ၊
အစာ၌လဲ သိမြတိုင်းရှည်၊
လူသူဆိတ်တောင်း တောကျောင်းမှာနေ၊
စိတ်မြတ်လုပ်ငန်း ကြိုးပမ်းပါလေ၊
ဤ ၆ ပါး ဘုရားအဆုံးမပေ။

www.burmeseclassic.com

www.burmeseclassic.com




ယခုနာကြားရတဲ့ ဩဝါဒပါတိမောက်လာ အဆုံးအမများကို ရိုရိုသေသေ လိုက်နာကျင့်သုံး အားထုတ်နိုင်ကြပြီးလျှင် အပါယ်ဆင်းရဲဘေးမှ လုံးဝလွတ်ကြ၍ ဆင်းရဲခပ်သိမ်းတို့၏ အေးငြိမ်းရာ အမှန်မြတ်နိဗ္ဗာန်ကို လျှင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

**သာဓု . . . သာဓု . . . သာဓု**

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



- ကိုယ်နှုတ်နလုံးအကောင်းဆုံး၊
  ပေါင်းရုံးကုသိုလ်ပြုရမည်။
- စတုတ္ထအောင်ပန်း မဂ်ဖိုလ်လမ်း၊
  ဆင်မြန်းနိုင်အောင် ကျင့်ရမည်။
- ကိလေသာချေး စိတ်ညစ်ကြေး၊
  ဖြူဖွေးအောင်သာ ပြုရမည်။
- ဖြူဖွေးလိုလျှင် အလုပ်ခွင်၊
  လျင်လျင်မြန်မြန် ဝင်ရမည်။

www.burmeseclassic.com